# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၆) ရက် ၊ စနေနေ့ ၊ (10-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရေတိုရေရှည်လုပ်ငန်းစီမံချက်များကို အထူးအလေးထားဆက်လက်ကြိုးပမ်းဆောင်ရွက်






အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(National Road Safety Council– NRSC)၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၉**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC)၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၈ ကော်လံ ၁

**မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်**

စာမျက်နှာ– ၂၀

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက သက်ကြီးရုပ်ရှင်ပညာရှင်များကို ယခုနှစ် ဇူလိုင်လအတွက် လစဉ်ထောက်ပံ့ကြေးများ ထုတ်ပေးလျက်ရှိ**

စာမျက်နှာ– ၁၁




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်

အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုအပ်သူများအားဂုဏ်ပြုခြင်းကို ဝမ်းမြောက်ကြိုဆို

မြန်မာ့တပ်မတော်သည် နိုင်ငံ့လွတ်လပ်ရေးနှင့်အတူ ပြည်သူကြားမှပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်သည်။ နိုင်ငံတော်ကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ခိုင်မာစွာရပ်တည်နိုင်ရေးအတွက် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရသည်။ လက်ရှိကာလတွင်လည်း နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို သွေးတိုးစမ်းကာ အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ရင်ဆိုင်ချေမှုန်းအနိုင်ယူလျက်ရှိသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ရဲသော်မသေ သေသော်ငရဲမလားဟူသော ခံယူချက် ရင်ဝယ်ပိုက်ပြီး တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်မျိုးဖြင့် ရင်ဆိုင်ဆင်နွှဲနေသော တပ်မတော်သားများသည် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် စစ်မှန်သည့်အာဇာနည်သူရဲကောင်းများဖြစ်ကြသည်။ နိုင်ငံအကျိုးအတွက် စွန့်လွှတ်စွန့်စားစိတ်ဖြင့် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေသော ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နိုင်ငံတစ်ဝန်းမှစေတနာရှင် အလှူရှင် ပြည်သူများနှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများက အလှူငွေများ၊ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ၊ အားပေးစာလွှာများကို နယ်မြေခံတိုင်းစစ်ဌာနချုပ်အသီးသီးသို့ ကိုယ်တိုင်ကိုယ်ကျ စုဖွဲ့လာရောက်ပေးပို့ဂုဏ်ပြုလှူဒါန်းနေခြင်းသည်လည်း တရားသောစစ် အောင်မြင်ရေးအတွက် အားဆေးတစ်ခွက်ပင်ဖြစ်ပြီး ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုနေခြင်းဖြစ်သဖြင့် ဝမ်းမြောက်ကျေနပ်ရပေသည်။

ထိုသို့လှူဒါန်းကြရာတွင် စားသောက်ဖွယ်ရာများကို ဝန်ထမ်းမိသားစုများကိုယ်တိုင် စေတနာအပြည့်ဖြင့်စုပေါင်းကာ စိတ်အားထက်သန်စွာ ချက်ပြုတ်ကြော်လှော်ပြီး သပ်ရပ်လှပစွာ ထုပ်ပိုးပြင်ဆင်လှူဒါန်းကြသည့်မြင်ကွင်းသည် တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာရရှိမည့် စစ်သည်တော်များနှင့်အတူ ခွဲခြားချက်မရှိ တစ်သွေးတည်း တစ်သားတည်းရပ်တည်ကာ အားပေးဂုဏ်ပြုထောက်ခံနေမှုအဖြစ် အရေးကြီးလျှင် သွေးနီးသည့် မြန်မာ့စိတ်ထားကို အားရဖွယ်တွေ့မြင်ရပေသည်။

တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယခုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာတွင် ကျရာတာဝန်အသီးသီးကို အသက်ကိုပင်မငဲ့ကွက်ဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ် တာဝန်ထမ်းဆောင်ပြီး သမိုင်းမှတ်တမ်းကောင်း ရေးထိုးကြသူများဖြစ်သဖြင့် ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့က အမြဲအမှတ်တရ လေးစားဂုဏ်ယူနေမည်ဖြစ်သည်။ ထို့ပြင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နေသော မျိုးချစ်တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သမိုင်းဂုဏ်ရောင်သည်လည်း ဘယ်သောအခါမှ တိမ်မြုပ်ပျောက်ကွယ်သွားမည်မဟုတ်ပေ။

နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာ ဦးလည်မသုန် ထမ်းဆောင်နေသော ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူ့ဘက်တော်သားများဖြစ်သဖြင့် ရင်ဆိုင်ဆင်နွှဲနေရသော တရားသောစစ်ပွဲတွင် အောင်ပွဲအလီလီ ရရှိကြမည်ဖြစ်ပါသည်။ မျိုးချစ်တပ်မတော်သား စစ်သည်တော်အပေါင်း၏ ပြည်သူ့အပေါ်ထားသည့် မိသားစုစိတ်ဓာတ်များကြောင့် ပြည်သူများကလည်း တပ်မတော်သားများအပေါ် ချစ်ခင်လေးစားယုံကြည်စွာ အားပေးလှူဒါန်းကြသော စားသောက်ဖွယ်ရာ၊ ဆေးဝါးနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ အားပေးစာလွှာများ၊ အလှူငွေများ လှူဒါန်းကြမှုအပေါင်းသည် ကာလဒါနမြောက်သော အလှူအဖြစ် တင်စားရလောက်အောင်ပင် ဂုဏ်ပြုအပ်သူများကို ဂုဏ်ပြုကြခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း ရေးသားအပ်ပါသည်။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ရှစ်ဘီလီယံနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး ဩဂုတ် ၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ရှစ်ဘီလီယံနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်ကော်မတီဝင်များ၊ ခရိုင်စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက နိုင်ငံတော်မှ ခွဲဝေထုတ်ပေးထားသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရှစ်ဘီလီယံကို မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြို့နယ်အသီးသီးသို့ ကဏ္ဍအလိုက်ထုတ်ပေးခဲ့မှု၊ လက်ရှိပြန်လည်ကောက်ခံရရှိမှု၊ နိုင်ငံတော်၏မူဝါဒများအတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ သမဝါယမနှင့် MSME ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်သူများ၏လက်ဝယ်သို့ရောက်ရှိပြီး အကျိုးရှိစွာသုံးစွဲလည်ပတ်နိုင်ရေးနှင့် ထုတ်ချေးပေးထားသည့် ချေးငွေများပြန်လည်ကောက်ခံရရှိရေးတို့ကိုစနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် ချေးငွေအဆိုပြုတင်ပြထားသော တိုင်းဒေသကြီးစီမံကိန်းကြီးကြပ်မှုကော်မတီနှင့် ချေးငွေအဆိုပြုတင်ပြထားသော ခရိုင်စီမံကိန်းကြီးကြပ်မှုကော်မတီတို့မှ တာဝန်ရှိသူတို့က ချေးငွေယူလိုမှုတင်ပြထားသောလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများမှ ဖြည့်စွက်ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာဌာနများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၁၀၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်အတွင်း မိုးစပါးဧက ၁၀၀၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးလျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေးအသိပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည်တို့ကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဩဂုတ် ၉**

မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်း ငွေကျပ် သိန်း ၁၀၀၀ အောက်မြေကွက်များ အရောင်းအဝယ်ဖြစ်နေပြီး ရောင်းချလိုသူများနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်မှုအနေဖြင့် မြို့တွင်းပိုင်းနှင့် ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းရှိ ပေ (၃၀ x ၄၀)၊ ပေ (၄၀ x ၆၀)၊ ပေ (၄၀x၄၀) အကျယ်ရှိ ငွေကျပ်သိန်း ၁၀၀၀ အောက်ဈေးတန်း မြေကွက်များကို အဓိကဝယ်ယူမှုရှိနေကြောင်း၊ တစ်နိုင်တစ်ပိုင်ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့်အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာသဖြင့် ပေါက်ဈေးထက် အနည်းငယ်မြင့်တက်လာပြီး မြို့နယ်တိုင်း ရောင်းချလိုမှု များနေဆဲဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေဈေးကွက်က အခြားဈေးကွက်တွေလို အတက်အကျကြမ်းတာမျိုးတော့ မရှိပါဘူး။ ဈေးတန်းတွေက နေရာတစ်ခုမှာ သတ်မှတ်ဈေးနှုန်းနဲ့ ပေါက်ဈေးဆိုတာရှိတယ်။ အဲဒီဟာထက်ပိုပြီး ထူးထူးခြားခြားပြောင်းလဲဖို့ဆိုရင် နှစ်ချီကြာတတ်တာမျိုးပါ။ လက်ရှိကတော့ ငွေကျပ် သိန်း ၁၀၀၀ အောက်မြေကွက်လေးတွေအဝယ်လိုက်နေတာရှိပါတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ယခုအခါ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်း၊ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ရာဂဏန်းသာရှိသည့် မြေကွက်များကိုလည်း အမှန်တကယ်နေထိုင်မည့်သူများ ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့်မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀-၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် သဘွတ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြွယ်ကန်ကျေးရွာအုပ်စု သဘွတ်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ပဌမအကြိမ်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၃၆ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအဖွဲ့ဝင်များက သဘွတ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၂၆ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ငွေကျပ် ၂၃၆ ဒသမ ၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးထံမှ သိရသည်။

**သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၄ လမ်း၊ ၃၃-၃၄ လမ်းကြားနေ ဦးဘချစ် တူရီယာ မိသားစုက ဦးမြင့်သန်း-ဒေါ်သောင်းသောင်းဌေးတို့အား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၅၆၂၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၅၆၂၀၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၈၂၄၇၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၆၂၀၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ဆီထွက်သီးနှံစုံ ၈၂၄၇၆ ဧကစိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၆၂၀၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်" ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ်ဘုတလင်မြို့နယ်တွင် ဆီထွက်သီးနှံအလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၃၁၃၄၆ ဧက၊ နှမ်း ၂၀၈၁၈ ဧကနှင့် နေကြာ ၄၀၄၂ ဧက စုစုပေါင်း ၅၆၂၀၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ဧက ၃၄၇၀၀၊ နှမ်း ဧက ၅၂၀၇၀ နှင့်နေကြာ ၅၇၀၆ ဧက စုစုပေါင်း ၈၂၄၇၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ပျားဆွဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပျားဆွဲကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များက ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ၊ ချင်းကျောက် ကိုးလက်မ ခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက သတ်မှတ်ထားသည့် ဘဏ္ဍာနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီအချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

အဆိုပါ ပျားဆွဲကျေးလက်ကုန်ထုတ်လမ်းသည် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၁ ဒသမ ၉၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် Myanmar New Power ကုမ္ပဏီက ယခုနှစ် ဇွန်လ ပထမပတ်မှစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ပဲတီစိမ်း အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ပဲတီစိမ်း အိတ်ရေ ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လ အတွင်းက ၂၄ ပြည်ဝင် ပဲတီစိမ်း အိတ်ရေ ၅၈၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ၂၄ ပြည်ဝင် ပဲတီစိမ်း အိတ်ရေ ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ပဲတီစိမ်းများကို ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ပဲတီစိမ်း အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ကျန်ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ ဒေသထွက်ပဲတွေ စပါးတွေကို ဒီဘက်က ကုန်သည်ပွဲရုံ ပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ပဲတီစိမ်းတွေဝယ်ယူမှုများပြားလာတာကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေကောင်းလာပါတယ်"ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ပဲတီစိမ်း တစ်အိတ်လျှင်ငွေကျပ် ၁၄၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပဲတီစိမ်းများအရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မြန်မာစာသင်ပြနည်း ပါမောက္ခဆရာကြီး ဦးသန်းထွတ်

အောင်ကြည်ညွန့်(တက္ကသိုလ်)



ကျွန်တော်နှင့် ဆရာကြီးဦးသန်းထွတ်တို့မှာ ၁၉၇၄ ခုနှစ်ခန့်မှစ၍ ပညာရေးသုတေသနတွင် သိကျွမ်းခဲ့ရသည်။ ထိုစဉ်က ဆရာသည် ပညာရေးတက္ကသိုလ်သင်ပြနည်းဌာန လက်ထောက်ကထိကရာထူးဖြစ်သည်။ သင်ပြနည်းဆိုသည်မှာလည်း မြန်မာစာသင်ပြနည်းဖြစ်သည်။ ဆရာသည် B.Ed အောင်ပြီး အထက်တန်းပြဆရာ၊ မန္တလေးဆရာအတတ်သင် လက်ထောက်ကထိက၊ ထို့နောက် သင်္ဃန်းကျွန်းဆရာအတတ်သင်မှာ လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီးဦးသန်းထွတ် ပင်စင်ယူပြီးသည့် ၁၉၇၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်ထိ ကျွန်တော်သည် ဆရာနှင့် ပုံစံအမျိုးမျိုး၊ လုပ်ငန်းအမျိုးမျိုးတွင် တွဲဖက်လုပ်ကိုင်ခဲ့ကြသည်။ ဆရာကြီးဦးသန်းထွတ်နှင့် ကျွန်တော်မှာ အသက် ၁၁ နှစ်ကျော်ကွာသည်။ အမှန်ပြောရလျှင် ဆရာသည်ပင်စင်ယူပြီးနောက် ပညာရေးတက္ကသိုလ်တွင် ဂုဏ်ထူးဆောင်ပါမောက္ခတာဝန်ပေးခံရသော်လည်း ကျွန်တော်တို့နှင့်အဆက်မပြတ်ပါ။ မြန်မာစာသင်ရိုးအဖွဲ့ဝင်ဖြစ်သောဆရာသည် ကျွန်တော်တို့ ပညာရေးသုတေသနရုံးတွင် သင်ရိုးအစည်းအဝေးများကျင်းပသဖြင့် အမြဲရောက်သည်။

ပင်စင်ယူပြီးသောအခါ ဆရာသည် စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် မြန်မာစာပေဆိုင်ရာ ဆောင်းပါးများစွာရေးသားခဲ့သည်။ ဆရာသည် စာများများဖတ်၊ စာများများရေးရန် အထူးတိုက်တွန်းအားပေးသည်။ ဆရာသည် မြန်မာစာပေဆိုင်ရာ လုံးချင်းစာအုပ်ပေါင်း ၄၂ အုပ်ခန့်ပြုစုခဲ့ကြောင်း သိရသည်။

ကျွန်တော် စာအုပ်များထုတ်ဖြစ်၊ စာရေးဖြစ်ခဲ့ခြင်းမှာ ဆရာ၏တိုက်တွန်းအားပေးမှုကြောင့်ဖြစ်သည်။ ၂၀၀၆ ခုနှစ် ကျွန်တော် ပင်စင်ယူမည့်နှစ်တွင် အခြေခံပညာညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာကြီးဦးသန်းဦး၏ အတ္ထုပ္ပတ္တိကို ရေးသားရန် ဆရာကြီးကအကြံပေးသည့်အပြင် အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် ဆရာပါဝင်ဆောင်ရွက်နေသော ပညာတန်ဆောင်အထူးစာစဉ်ကိုထုတ်ဝေရန် အဆိုပြုပေးခဲ့သည်။ ကျွန်တော် ဆရာကြီးဦးသန်းဦး၏အတ္ထုပ္ပတ္တိစာအုပ်ကိုရေးဖြစ်သည်။ အင်္ဂလိပ်စာပါမောက္ခ ဆရာကြီးဦးသိဟက အင်္ဂလိပ်ဘာသာပြန်ဆို၍ ၂၀၁၈ ခုနှစ်တွင် ပြန်လည်ထုတ်ဝေရာ ၂၀၁၉ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း စာပေဆုရရှိခဲ့သည်။

ပညာမင်းကြီးဦးဘိုးသုန် အတ္ထုပ္ပတ္တိကိုလည်းရေးသားရန် တိုက်တွန်းအားပေးလမ်းညွှန်ပေးခဲ့သည့်အတွက် ထိုစာအုပ်ကို ၂၀၀၇ ခုနှစ်တွင် ပညာတန်ဆောင်အထူးစာစောင်အဖြစ် ထုတ်ဝေခဲ့သည်။

ကျွန်တော် လုံးချင်းစာအုပ်ပေါင်း ၁၃ အုပ် ထုတ်ဝေနိုင်ခဲ့ခြင်းသည် ဆရာ့တွန်းအားပေးမှုကြောင့်ဖြစ်သည်။

ဆရာသည် အငြိမ်းစားယူပြီး မြောက်ဒဂုံတိုက်တန်းသို့ပြောင်းသည့်အခါတွင်လည်း တစ်လတစ်ခါလောက် ဆရာ့ထံ ကျွန်တော်ရောက်သည်။ ကျွန်တော့်ကို ကိုအောင်ကြည်ဟုသာ ခေါ်သည်။

ပညာရေးသုတေသနနှင့် ပညာရေးတက္ကသိုလ်တို့မှာ ခြံစည်းရိုးသာခြားသည်။ ပညာရေးလုပ်ငန်းများလည်း ပူးပေါင်းလုပ်ဆောင်ကြရသည်။

အထူးသဖြင့် 'အ'သုံးလုံးစီမံကိန်းကြီးကို ပညာရေးသုတေသနက ဦးစီးလုပ်ကိုင်ရသည်။ ပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးသန်းဦးမှာလုပ်ကိုင်ရာအသုံးလုံးဗဟိုကော်မတီ၏အထွေထွေအတွင်းရေးမှူးဖြစ်သည်။

ပညာရေးအရာရှိများဖြစ်သော ဆရာဦးအေးစိုး၊ ဆရာဦးဇော်ဝင်း၊ ဆရာသန်းထွတ်တို့မှာ အဖွဲ့ဝင်များဖြစ်သည်။ ဆရာဦးသန်းထွတ်နှင့် ညီအစ်ကိုပမာ ရင်းနှီးသူစာပေမိတ်ဆွေ ပျဉ်းမနားမောင်နီသင်းလည်း ပညာရေးသုတေသနမှာရှိသည်မို့ နေ့စဉ်ရုံးသို့ ဆရာရောက်လာတတ်သည်။ ပညာရေးဝန်ကြီးဌာနကထုတ်ဝေသော ပညာလောကစာစောင် စာတည်းအဖွဲ့တွင် ဆရာကြီးဦးသန်းထွတ်ပါသဖြင့် ပညာရေးသုတေသနရုံးကို အစည်းအဝေးအမြဲလာတက်ရသည်။

ကျွန်တော်ကျောင်းသင်ခန်းစာ အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်စဉ် ဆရာက B.Ed စာပေးစာယူ သင်ခန်းစာများ တစ်လလျှင် လေးကြိမ်ခန့် လာရောက်အသံသွင်းသည်။ စာမူခ ၂၅ ကျပ် ကြိုထုတ်သည်။ ကျွန်တော်တို့ကို လက်ဖက်ရည်အမြဲတိုက်သည်။

ဆရာသည် သက်ကြီးဖတ်စာနှင့် သက်ကြီးစာပေပြုစုရေးကော်မတီ၏ အတွင်းရေးမှူးလည်းဖြစ်သည်။ ထိုအစည်းအဝေးများမှာလည်း ကျွန်တော်တို့ ပညာရေးသုတေသနရုံးတွင်ကျင်းပ၍ ဆရာနှင့် ခင်မင်ရင်းနှီးကြသည်။

အထူးသဖြင့် 'အ'သုံးလုံးကိုစတင်အကောင်အထည်ဖော်ခဲ့သူ ပညာရေးအထူးအရာရှိ ဆရာကြီးဦးသံဗျင်ကိုလည်း ဆရာဦးသန်းထွတ်ကလေးစားကြည်ညိုသဖြင့် ဆရာကြီးဦးသံဗျင်အိမ်သို့ မကြာမကြာသွားကာ တစ်နေကုန်တရားဆွေးနွေးကြသည်။

၁၉၈၃ ခုနှစ်က ကျွန်တော်တို့ပညာရေးတက္ကသိုလ်တွင် ဆရာကြီးမင်းသုဝဏ်ဟောပြောခဲ့သော မြန်မာစာနှင့်ကိုယ်ကျင့်တရား၊ လက်နှိပ်စက်စာမူကို ကျွန်တော့်ကိုပေး၍ စာအုပ်အဖြစ် ထုတ်ဝေစေခဲ့သည်။

ထိုစာမူတွင်ပါသော ကိုးခန်းပျို့၊ သံဝရပျို့တို့ကိုလည်း ကျွန်တော့်ကိုလက်ဆောင်ပေးသည်။ စု၊ တု၊ ပြုပြီး ဆောင်းပါးများရေးရန် တိုက်တွန်းသည်။ ဆရာ့ကျေးဇူးကြောင့် ပညာရေးတက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်းများတွင် စာရေးသားဖြစ်ရုံသာမက ရွှေရတုမဂ္ဂဇင်းတွင်လည်းရေးဖြစ်သည်။

အခြားမဂ္ဂဇင်းစာစောင်များ၊ ပညာရေးမဂ္ဂဇင်းများတွင် စာရေးသားနိုင်ရန် ဆရာကဆက်သွယ်ပေးသည်။

ဆရာ့ကျေးဇူးကြောင့် ကျွန်တော် မြန်မာစာကို တန်ဖိုးထားပြီး လေ့လာဖြစ်သည်။ မြန်မာစာဆိုင်ရာ ဆောင်းပါးများ ရေးသားနိုင်ခဲ့သည်။ မြန်မာစာဆိုင်ရာစာအုပ်စာတမ်းများကို ရနိုင်သရွေ့ဝယ်ယူစုဆောင်းဖြစ်ခဲ့သည်။

ဆရာသည် သူပိုင်ဆိုင်သော စာအုပ်စာတမ်းများ ဗီရိုအိတ်ဆယ်လုံးခန့် အုပ်ရေ ၁၀၀၀ ကျော်ကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်သို့ လှူဒါန်းခဲ့သည်။

ဆရာကြီးဦးသန်းထွတ်၊ ဆရာမကြီး ဒေါ်ထူးထူးအောင်နှင့် ကျွန်တော်တို့ရေးသော မင်းလေးပါးစာအုပ် (ပညာမင်းကြီးလေးပါးအကြောင်း)ကို စိတ်ကူးချိုချိုစာပေက ရိုက်နှိပ်ရာ ဆရာက စာမူခမယူဘဲ စာအုပ်ရေ ၂၀၀ သာယူခဲ့ပြီး ပညာရေးတက္ကသိုလ်များ၊ ပညာရေးကောလိပ်များ၊ ကျောင်းများသို့ လှူဒါန်းခဲ့သည်။

၂၀၀၃ ခုနှစ်တွင် 'အ'သုံးလုံး ကျောင်းသားဟောင်းများ စုပေါင်းဖွဲ့စည်းသည့် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့တွင် ဆရာကြီး ဦးသန်းထွတ်သည် နာယကတစ်ဦးအဖြစ်ပါဝင်လာသည်။ နှစ်စဉ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့တိုင်းတွင် နာယကကြီးများကို ပူဇော်ကန်တော့သည်။

ဆရာရေးသားသော စာအုပ်များအနက် "ကျွန်တော်နှစ်သက်မိသောကဗျာများစာအုပ်နှင့် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့၏ စာပေစကားစာအုပ်များ"ကိုလည်း သံဗျင်စာပေမှထုတ်ဝေခဲ့သည်။

၁၉၃၅ ခုနှစ်ဖွား ဆရာကြီးဦးသန်းထွတ်သည် ၂၀၁၅ ခုနှစ်တွင် အသက် ၈၀ ပြည့်သည်။ ထိုနှစ် ထိုနေ့တွင် မိမိတို့ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က ကြီးမှူးပြီး ဆရာကြီးအား ကန်တော့ပွဲကို ကြည့်မြင်တိုင်မြို့နယ် သာစုကျောင်းတိုက် ဓမ္မပါလကျောင်းတွင် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့သည်။ ဆရာကြီးသည် ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် ကျန်းမာရေးယိုင်လာခဲ့ပြီး မကြာခဏဆေးရုံတက်ရောက်ကုသခံရသည်။

ဆရာကြီး ဆေးရုံတက်ကုသခံနေစဉ်အတွင်း 'အ'သုံးလုံးအဖွဲ့မှ ဆရာကြီးကို ကျန်းမာရေးအတွက် ငွေကြေးငါးသိန်းကျော် ထောက်ပံ့ခဲ့ပြီး ကျွန်တော်လည်းတတ်အားသ၍ ဆေးဝါး၊ ငွေကြေး၊ အာဟာရများ ပေးပို့လှူဒါန်းခဲ့သည်။ ဆရာကြီးသည် မြန်မာစာကို အလွန်မြတ်နိုးတန်ဖိုးထားသူဖြစ်သည်။

မြန်မာစာဆိုင်ရာစာအုပ်များ စာတမ်းများကို များစွာရေးသားခဲ့သည်။ ၁၉၆၅ ခုနှစ်ကပင် မန္တလေးဆရာအတတ်သင်သိပ္ပံ၌ တာဝန်ယူစဉ် 'အ'သုံးလုံးသက်ကြီးဖတ်စာ ပြုစုခဲ့သည်ဟုသိရသည်။

မြန်မာစာသုတေသနကိုလည်း ဝါသနာထုံသည်။ မြန်မာဖတ်စာများ၊ ဒေါင်းဖတ်စာများ၊ ပုံပြင်များ၊ ကလေးစာပေ၊ ကလေးစာကြည့်တိုက်၊ စာကြည့်တိုက်အလုပ်၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ သက်ကြီးဖတ်စာနှင့် သက်ကြီး စာပဒေသာပြုစုရေးလုပ်ငန်းများကို စိတ်နှစ်၍ အပင်ပန်းခံ၊ အဆင်းရဲခံ၍လုပ်ကိုင်ခဲ့သည်မှာ အတုယူလေးစားဖွယ်ပင်ဖြစ်သည်။

ဆရာကြီး၏ မဟာပညာရေးဘွဲ့ကျမ်းမှာ မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းပညာရေးဖြစ်သည်။

ဆရာကြီးဦးသန်းထွတ် ရေးသားခဲ့သည့် စာအုပ်များမှာ

၁။ ပထမမြန်မာပညာမင်းကြီးဦးချို
၂။ သီရိပျံချီဆရာကြီးဦးဘိုးသုန်
၃။ မဟာသရေစည်သူဒေါက်တာဦးဘ
၄။ ဆရာကြီးဦးသောင်းထွဋ္ဌ်ဘဝနှင့်အတွေးအမြင်
၅။ ပညာတန်ဆောင်ဆီမီးကို စတင်ထွန်းညှိသူ ဦးထွန်းအောင်
၆။ ပညာမင်းကြီးစည်သူဦးကောင်း
၇။ ခေါက်ရှာငှက်ပျံ၊ လောကစံ
၈။ ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်း
၉။ မြန်မာရိုးရာစကားပုံ ပုံပြင်
၁၀။ မူလတန်းမြန်မာစာသင်ကြားရေး
၁၁။ ၃၈ ဖြာမင်္ဂလာ
၁၂။ အလယ်တန်းမြန်မာစာသင်ကြားရေး
၁၃။ အထက်တန်းမြန်မာစာသင်ကြားရေး
၁၄။ မြန်မာပုဂ္ဂိုလ်ကျော်လေးဆယ်
၁၅။ လူငယ့်ဂုဏ်ရည်
၁၆။ မူကြိုပညာရေးနှင့်ကလေးကဗျာ
၁၇။ ဂန္ဓီ၏လောကအမြင်
၁၈။ အမျိုးသားပညာရေးမဂ္ဂဇင်းများလေ့လာချက်
၁၉။ ဇော်ဂျီ၊ မင်းသုဝဏ်စာပေစကား
၂၀။ ကျွန်တော်နှစ်သက်မိသောကဗျာများ
၂၁။ မြန်မာဖတ်စာနှင့် အီစွပ်ပုံပြင်
၂၂။ အတိတ်ကိုအတိတ်မှာပဲထားခဲ့ပါရစေ
၂၃။ တပည့်နဲ့ဆရာ ရေနဲ့ကြာ
၂၄။ ပညာနှင့်ဆရာ
၂၅။ မင်းလေးပါး(ပညာမင်းကြီးလေးဦး)
၂၆။ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏အဆိုအမိန့်များ – ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ
၂၇။ မြန်မာစာသင်ရိုးနှင့်သင်နည်းသုတေသန

မြန်မာစာသင်ပြနည်း ပါမောက္ခဆရာကြီး ဦးသန်းထွတ်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၈ ရက် အသက် ၈၆ နှစ်တွင်ကွယ်လွန်ခဲ့သည်။ ဆရာကြီးသည် အသက်ရှင်လျက်ရှိစဉ်အတွင်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်အား၊ ဉာဏ်အားစွမ်းပကားဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ရုံမက မြန်မာနိုင်ငံ၏ 'အ'သုံးလုံးလှုပ်ရှားမှုတွင် ရှေးဦး ဦးဆောင်ပါဝင်ခဲ့သူတစ်ဦးဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

❖ ၂၀၀၃ ခုနှစ်တွင် 'အ'သုံးလုံးကျောင်းသားဟောင်းများ စုပေါင်းဖွဲ့စည်းသည့် စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့တွင် ဆရာကြီးဦးသန်းထွတ်သည် နာယကတစ်ဦးအဖြစ်ပါဝင်လာသည်။ နှစ်စဉ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တိုင်းတွင် နာယကကြီးများကို ပူဇော်ကန်တော့သည်။ ဆရာရေးသားသော စာအုပ်များအနက် "ကျွန်တော်နှစ်သက်မိသောကဗျာများစာအုပ်နှင့် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့၏ စာပေစကားစာအုပ်များ"ကိုလည်း သံဗျင်စာပေမှထုတ်ဝေခဲ့သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၈၇၈ ဧက စိုက်ပျိုးပြီးစီး



ပုသိမ် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၈၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၈၇၈ ဧကကို ယခုနှစ်ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ဩဂုတ် ၈ ရက်တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံ ၈၇၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားတဲ့အတိုင်း စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်အသီးအနှံတွေ စိုက်ပျိုးနိုင်စေဖို့၊ နည်းပညာများနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနကတောင်သူ အသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် စားဖိုဆောင်သီးနှံကို ငပုတောမြို့နယ်မှာအများဆုံး စိုက်ပျိုးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများစိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ သခွား၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့်အခြား အကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ခင်းများထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေး လုပ်ငန်းများဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အုတ်ဖိုမြို့နယ် ကျွန်းကုန်း(ကဝေစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေး

အုတ်ဖို ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်း(ကဝေစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျွန်းကုန်း(ကဝေစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ၂၆ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ၂ ဒသမ ၂၅သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# မမေ့လေနှင့်

- သိထားကြစေ
ရွှေပြည်ရွှေနန်း ဘုန်းရောင်လွှမ်းလျက်
စံမြန်းဂုဏ်တင့် အောင်လံလွှင့်ကာ
ကြွေးဝင့်လက်ကမ်း အောင်မြေလမ်းဝယ်
ရဲစွမ်းထက်မြ မျိုးမာနနှင့်
မြန်မာ့ဇာတိ ကမ္ဘာသိခဲ့
သိသည့်အလျောက် စံထားလောက်အောင်
ထွန်းတောက်စဉ်ဆက် လွှင့်ထူလျက်ဖြင့်
ဆက်ခံချီရာ သမိုင်းလွှာကို
မြန်မာတို့တွေ မမေ့လေနှင့်။

- သိထားကြစေ
ရွှေပြည်တင့်ကြွား ထွန်းပြောင်ပြားမင့်
မျိုဝါးသွေးစုပ် နယ်ချဲ့ယုတ်တို့
အုပ်စိုးမှုအောက် နှစ်ရောက်ကာ
သပေါက်သွတ်သွင်း သွေးခွဲခြင်းကြောင့်
သင်းသတ်ခံရ နှမ်းချုန်းရခဲ့
မြေခကြေပြုန်း စည်းလုံးပျက်ပြား
ဝါးစည်းပြေနယ် နေကွယ်လမိုက်
ညှိုးငိုက်ဖန်ရာ သမိုင်းလွှာကို
မြန်မာတို့တွေ မမေ့လေနှင့်။


- အမျိုးသားရေး
သွေးနိုးကာလျှင် ချီတက်စဉ်ဝယ်
သင်ခန်းစာပေး တပ်လှန့်ပေးမြဲ
ပြည်ရေးမလှ ကျည်းတန်ရခဲ့
ပြယုဂ်မကောင်း ခေတ်ဇာတ်ကြောင်းမှ
တိတ်နှောင်းခြေရာ သမိုင်းလွှာကို
မြန်မာတို့များ မေ့မထားနှင့်
အလေးထားကြ သိထားကြစေ။

- သြော် ငြိမ်းချမ်းစွာပင် တူယှဉ်ခိုင်မြဲ
တွဲသောလက်တွေ တင်းဆုပ်လေလျက်
အခြေမြင့်မား ညီညွတ်အားဖြင့်
ဘိုးဘွားအမွေ စောင့်ထိန်းလေရင်း
သည်မြေသည်ရေ သွေးချင်းတွေနှင့်
ရွှေပြည်နိုင်ငံ ခွန့်ရှည်ရန်တွက်
နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဖြင့်
မပိုတ်မသုန် ဦးညွတ်လှုံ့ကာ
သွေးဆုံယှက်သိုင်း ဝန်းရံဝိုင်းလျက်
သမိုင်းဖြစ်စဉ် သတိမူလို့
ကိုယ့်ပြည်ကိုယ့်မျိုး ဝင့်ထည်ဖို့
စည်းနှီးကြားစို့ အမျိုးသားတို့။ ။

မောင်မောင်ထွန်း(ပန်းပျိုးအိမ်)

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး မော်လ်ဒိုက်နိုင်ငံသို့သွားရောက်

**ဒေလီ ဩဂုတ် ၉**

အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီး ဆူဘရာမင်ယင် ဂျိုင်ရှန်ကာသည် ယနေ့တွင် အိမ်နီးချင်း မော်လ်ဒိုက်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

မော်လ်ဒိုက် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာသည် မော်လ်ဒိုက်သမ္မတ မူအစ်ဇူအပါအဝင် မော်လ်ဒိုက် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

မော်လ်ဒိုက်အစိုးရက မော်လ်ဒိုက်နိုင်ငံရှိ အိန္ဒိယတပ်ဖွဲ့ဝင်များကို နှင်ထုတ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မော်လ်ဒိုက်နိုင်ငံသို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

မော်လ်ဒိုက် ကျွန်းစုနိုင်ငံသည် အိန္ဒိယအစိုးရ၏ အိမ်နီးချင်းအဓိကမူဝါဒနှင့် ပင်လယ်ရေကြောင်း လုံခြုံရေးမူဝါဒများအတွက် အရေးကြီးကြောင်း အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

မော်လ်ဒိုက်ကျွန်းစုနိုင်ငံသည် မဟာဗျူဟာကျသည့် အိန္ဒိယသမုဒ္ဒရာ ရေလမ်းကြောင်းအနီး တည်ရှိသောနိုင်ငံဖြစ်သည်။

မော်လ်ဒိုက်နိုင်ငံအပေါ် ဩဇာလွှမ်းမိုးနိုင်ရေးအတွက် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးက ကြိုးပမ်းနေကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဘုရင်နှင့် အိမ်ရှေ့မင်းသားတို့မရှိချိန်တွင် ဆော်ဒီအစိုးရအဖွဲ့ကို အစည်းအဝေးကျင်းပခွင့်ပေးအပ်



**ရီယာ့ဒ် ဩဂုတ် ၉**

ဆော်ဒီအာရေဗျဘုရင် ဆယ်လ်မန်သည် ၎င်းကိုယ်တိုင်နှင့်အိမ်ရှေ့မင်းသား ဝန်ကြီးချုပ် မိုဟာမ်မက်ဘင်ဆယ်လ်မန်တို့ နှစ်ဦးစလုံးမရှိချိန်တွင် အစိုးရအဖွဲ့ကို အစည်းအဝေးကျင်းပခွင့်ပေးထားကြောင်း ဩဂုတ် ၈ ရက်တွင် ဖော်ပြထားသည်။

ဘုရင်နှင့် အိမ်ရှေ့မင်းသား နှစ်ဦးစလုံးမရှိချိန် အစိုးရအဖွဲ့ အစည်းအဝေးကျင်းပခွင့်ပေးအပ်ထားသည့် အမိန့်ဒီကရီကို ဘုရင်ဆယ်လ်မန်က ဩဂုတ် ၈ ရက်တွင် လက်မှတ်ရေးထိုးပေးခဲ့သည်။

အသက် ၈၈ နှစ်ရှိ ဘုရင်ဆယ်လ်မန်သည် အဆုတ်ရောင်ရမ်းမှုရောဂါကြောင့် ယခုနှစ် မေလအတွင်း ဆေးဝါးကုသမှုများ ခံယူခဲ့ရသည်။

ဆော်ဒီအာရေဗျ အစိုးရအဖွဲ့ အစည်းအဝေးများကို ဘုရင်ကိုယ်တိုင်ဦးဆောင်ရပြီး ဘုရင်မတက်ရောက်ချိန်တွင် အိမ်ရှေ့မင်းသား မိုဟာမ်မက်ဘင်ဆယ်လ်မန်က ဦးဆောင်ရသည်။

သို့ရာတွင် ဘုရင်နှင့် အိမ်ရှေ့မင်းသားနှစ်ဦးစလုံး မရှိချိန်တွင် အသက်အကြီးဆုံးအစိုးရအဖွဲ့ဝင်က ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ အစည်းအဝေးထုတ်ပြန်ချက်များကို လက်မှတ်ရေးထိုးထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း ဘုရင်ဆယ်လ်မန်၏ အမိန့်ဒီကရီ၌ ဖော်ပြထားသည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ အဓိက အရှေ့အလယ်ပိုင်း မဟာမိတ်နိုင်ငံဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နိုင်ငံ နင်ပို-ကျိုးရှန်ဆိပ်ကမ်း၌ တရုတ်(တိုင်ပေ)ကုန်တင်သင်္ဘော မီးလောင်

**ပေကျင်း ဩဂုတ် ၉**

တရုတ်နိုင်ငံ နင်ပို-ကျိုးရှန်ဆိပ်ကမ်း၌ တရုတ်(တိုင်ပေ) အခြေစိုက် သင်္ဘောကုမ္ပဏီတစ်ခုကပိုင်ဆိုင်သည့် ကုန်သေတ္တာတင်သင်္ဘောတစ်စီး ယနေ့တွင် မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝိုင်အမ်မိုဘလီတီ အမည်ရှိ အဆိုပါ ကုန်တင်သင်္ဘော မီးလောင်ပေါက်ကွဲမှုကို ၎င်းသင်္ဘောအားပိုင်ဆိုင်သည့် တရုတ်(တိုင်ပေ)အခြေစိုက် ယန်မင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီကလည်း အတည်ပြုထားသည်။

တရုတ်ပြည်တွင်းမီဒီယာများ၏အဆိုအရ ဝိုင်အမ်မိုဘလီတီ ကုန်တင်သင်္ဘော ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသော တုန်ခါလှိုင်းများကို တစ်ကီလိုမီတာအကွာကပင် ခံစားသိရှိခဲ့ရကြောင်း သိရသည်။

သို့ရာတွင် ဝိုင်အမ်မိုဘလီတီ သင်္ဘော ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဝိုင်အမ်မိုဘလီတီသင်္ဘော မီးလောင်ကျွမ်းမှုကို နင်ပို-ကျိုးရှန်ဆိပ်ကမ်း မီးသတ်တပ်ဖွဲ့က ထိန်းချုပ်ထားနိုင်ကြောင်း သိရသည်။

ဝိုင်အမ်မိုဘလီတီ သင်္ဘောသည် ဘေးအန္တရာယ်ကြီးသည့် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနိုင်သော သင်္ဘောဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အီရန်တော်လှန်ရေးအစောင့်တပ် ရေတပ်သင်္ဘောများ၌ ခရုစ်ဒုံးကျည်များ တပ်ဆင်

**တီဟီရန် ဩဂုတ် ၉**



အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ရေတပ်သင်္ဘောများ၌ ခရုစ်ဒုံးကျည်အမျိုးအစားသစ်များ တပ်ဆင်ထားပြီးဖြစ်ကြောင်း အီရန်အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အီရန်တော်လှန်ရေးအစောင့်တပ် ရေတပ်အုပ်စုအတွက် ပေါက်ကွဲအားမြင့်မားသည့် ထိပ်ဖူးများ သယ်ဆောင်နိုင်ပြီး ရေဒါဖြင့် ခြေရာခံထောက်လှမ်းရန် ခက်ခဲကြောင်း အီရန်မီဒီယာများ၏အဆိုအရ သိရသည်။

ထို့ပြင် အီရန်တော်လှန်ရေးအစောင့်တပ် ရေတပ်အတွက် မောင်းသူမဲ့ ကင်းထောက်လေယာဉ်သစ်များနှင့် ရေတပ်သုံး ရေဒါစနစ်များကိုလည်း တပ်ဆင်ပေးခဲ့ကြောင်း အီရန်အစိုးရမီဒီယာ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံ တီဟီရန်မြို့၌ ဟားမတ်စ်အုပ်စုခေါင်းဆောင် အစ္စမေးလ်ဟာနီယာ လုပ်ကြံခံခဲ့ရပြီးနောက်အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများမြင့်တက်နေစဉ် အီရန်တော်လှန်ရေးအစောင့်တပ် ရေတပ်အတွက် ခရုစ်ဒုံးကျည်သစ်များတပ်ဆင်မှုသတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

ဟာနီယာလုပ်ကြံခံရမှုအတွက် အစ္စရေးကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်နှင့် အရှေ့အလယ်ပိုင်းဒေသမဟာမိတ်များက ပြောကြားထားသည်။

အမေရိကန် အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ အဆိုအရ အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ ဒုံးကျည်အများဆုံး ပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်ဝန်ကြီးချုပ်ကီရှီဒါ ငလျင်အကြံပြုချက်ကြောင့် ဗဟိုအာရှခရီးစဉ် ဖျက်သိမ်း

**တိုကျို ဩဂုတ် ၉**

လှုပ်ခတ်နိုင်ဖွယ်ရှိသည့် ငလျင်ကြီးတစ်ခုအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်သင့်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက အကြံပြုချက်ထုတ်ပြန်ခဲ့ပြီးနောက် ဂျပန်ဝန်ကြီးချုပ် ဖူမီအိုကီရှီဒါသည် ဗဟိုအာရှဒေသခရီးစဉ်ကို ယနေ့တွင် ဖျက်သိမ်းခဲ့ကြောင်းသိရသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ဗဟိုအာရှဒေသ နိုင်ငံများဖြစ်သည့် ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်နှင့် မွန်ဂိုလီးယားနိုင်ငံတို့သို့ ယနေ့တွင် လေးရက်ကြာ ခရီးစတင်ရန် မူလက စီစဉ်ထားသည်။

သို့ရာတွင် ဂျပန်မိုးလေဝသ အေဂျင်စီ၏ ငလျင်အန္တရာယ် အကြံပြုချက် ပေါ်ထွက်လာပြီးနောက် မိမိအနေဖြင့် ဗဟိုအာရှခရီးစဉ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားထားသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်း၌ ဩဂုတ် ၈ ရက်က ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်း မြေငလျင်လှုပ်ခတ်ပြီးနောက်ဂျပန်မိုးလေဝသအေဂျင်စီက မြေငလျင်အကြံပြုချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကျိန်းသေပေါက် မပြောနိုင်သည့်တိုင် ဂျပန်နိုင်ငံအနေဖြင့် အင်အား အလွန်ပြင်းထန်သည့် မြေငလျင်တစ်ခုနှင့် ရင်ဆိုင်ရနိုင်ခြေမြင့်မားကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ အကြံပြုချက်တွင် ဖော်ပြထားသည်။

ဘူမိလှုပ်ရှားမှုပြင်းထန်သည့် နယ်မြေတွင် တည်ရှိသော ဂျပန်နိုင်ငံသည် နှစ်စဉ် မြေငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၁၅၀၀ ခန့်အထိ ရင်ဆိုင်ရတတ်ပြီး အများစုမှာ အင်အားနည်းငလျင်များဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀၀ ကျော်က မျိုးသုဉ်းကွယ်ပျောက်ခဲ့သည့် အမွေးထူကြံ့ကြီးတစ်ကောင်၏ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိ



မော်စကို ဩဂုတ် ၉

လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀၀ ကျော်က မျိုးသုဉ်းကွယ်ပျောက်ခဲ့သည့် အမွေးထူကြံ့ကြီးတစ်ကောင်၏ရုပ်ကြွင်းကို ရုရှားနိုင်ငံအရှေ့ပိုင်း အေးခဲမြေလွှာဒေသ၌ ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

၎င်းအမွေးထူကြံ့ကြီး၏ ရုပ်ကြွင်းကို ရုရှားရွှေတူးသမားများက ရွှေတူးနေစဉ်ကာလအတွင်း ကံအားလျော်စွာ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုက်ဘေးရီးယားဒေသ၏ မြေပြင်အပူချိန်ကြောင့် ၎င်းကြံ့ကြီး၏ နူးညံ့သည့်တစ်ရှူးများနှင့် ဦးချိုတို့ကို မူလအတိုင်းပင်တွေ့ရကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမွေးထူကြံ့ကြီးများသည် လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၆ သန်းနှင့် ၁၁၇၀၀ တို့ကြား ပလိုင်စတိုစင်းဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသည့် သက်ရှိများဖြစ်ကြပြီး ယူရေးရှားမြောက်ပိုင်း၌ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀၀၀ ခန့်တွင် စတင်ပျံ့နှံ့ရောက်ရှိခဲ့သည်။

အမွေးထူကြံ့ကြီးများသည် ကမ္ဘာပေါ်၌ ရေခဲခေတ်ကုန်ဆုံးချိန် လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀၀ ကျော်တွင် မျိုးသုဉ်းပျောက်ကွယ်ခဲ့ကြောင်း သိရသည်။

ဆိုက်ဘေးရီးယားအေးခဲမြေလွှာဒေသ၌ ရေခဲခေတ်ကာလအတွင်း အမွေးထူကြံ့ကြီးများအပြင် အမွေးထူဆင်ကြီးများလည်း ရှင်သန်ခဲ့ကြကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## လောင်းမတ်ချ်- ၆ အေဒုံးပျံ၏ ထိပ်ဖူးအစိတ်အပိုင်း ကမ္ဘာပတ်လမ်းပေါ်၌ပြိုကွဲခဲ့ရာ အာကာသအမှိုက် ၃၀၀ ကျော် ပေါ်ထွက်လာ

ပေကျင်း ဩဂုတ် ၉

တရုတ်အမျိုးသားအာကာသ အေဂျင်စီက ဩဂုတ် ၆ ရက်တွင် လွှတ်တင်ခဲ့သည့် လောင်းမတ်ချ်-၆ အေဒုံးပျံ၏ ထိပ်ဖူးအစိတ်အပိုင်းသည် ကမ္ဘာပတ်လမ်းပေါ်၌ ပြိုကွဲခဲ့ရာ အာကာသအမှိုက် ၃၀၀ ကျော် ပေါ်ထွက်လာကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ လောင်းမတ်ချ်-၆အေ ဒုံးပျံသည် တရုတ်နိုင်ငံ၏ ပထမဆုံး အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု များဖြစ်ကြသည့် ချင်းဖန်ဂြိုဟ်တု ၁၈ စင်းကိုလွှတ်တင်ရာတွင် အသုံးပြုခဲ့သည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၆ ရက် မစ်ရှင်တွင် လောင်းမတ်ချ်-၆ အေ ဒုံးပျံသည် ချင်းဖန်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၅၀၀ တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။



သို့ရာတွင် ဩဂုတ် ၇ ရက်တွင် လောင်းမတ်ချ်-၆ အေဒုံးပျံ၏ထိပ်ဖူးအဆင့် အစိတ်အပိုင်းများသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ပြိုကွဲခဲ့ကြောင်း အမေရိကန်အစိုးရ အာကာသစောင့်ကြည့်ရေးတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လောင်းမတ်ချ်-၆ အေ ဒုံးပျံ ထိပ်ဖူးအဆင့် အစိတ်အပိုင်းပြိုကွဲမှုကြောင့် အာကာသအမှိုက် ၃၀၀ ကျော် ပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ချင်းဖန် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၁၄၀၀၀ ထိ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အာရီဇိုးနားယား အင်္ဂါဂြိုဟ်ရှေးဟောင်းရေကန်ကြီးကို မားစ်အိတ်စပရက်အာကာသယာဉ်က ဓာတ်ပုံများအသေးစိတ်ရိုက်ကူးနိုင်ခဲ့

ပဲရစ် ဩဂုတ် ၉

အာရီဇိုးနားယားအမည်ရှိ အင်္ဂါဂြိုဟ်ရှေးဟောင်း ရေကန်ကြီးတစ်ခုကို ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက် အာကာသယာဉ်က ဓာတ်ပုံများအသေးစိတ်ရိုက်ကူးနိုင်ခဲ့ကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

မားစ်အိတ်စပရက်အာကာသယာဉ်သည် အာရီဇိုးနားယားရှေးဟောင်းရေကန်ကို HRSC အမည်ရှိ ကင်မရာစနစ်ဖြင့် ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အာရီဇိုးနားယားရှေးဟောင်း ရေကန်သည် ကမ္ဘာပေါ်ရှိရေကန်များထက် ပို၍ကြီးမားသော အင်္ဂါဂြိုဟ် ရေကန်ကြီးဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏တွက်ချက်မှုအရ အာရီဇိုးနားယားရေကန်ကြီးသည် အရွယ်အစားအားဖြင့် စတုရန်းမိုင် ၄၂၄၇၁ မိုင်တစ်နည်းအားဖြင့် အီဂျစ်နိုင်ငံအကျယ်အဝန်းနှင့် ညီမျှကြောင်း သိရသည်။

အဆိုပါရေကန်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံခန့်က ယနေ့ခေတ်ကမ္ဘာပေါ်ရှိ ကက်စပီယံ ပင်လယ်သုံးစင်းစာနှင့် ညီမျှသည့်ရေထုကို ပိုင်ဆိုင်ခဲ့ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်အာကာသယာဉ်သည် ၂၀၀၃ ခုနှစ်ကပင် အင်္ဂါဂြိုဟ်ကို လှည့်ပတ်လေ့လာခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

# HEALTH

## ကိုယ်ဝန်ဆောင်စဉ် သွေးအတွင်းသကြားဓာတ် ပါဝင်မှုမြင့်မားသည့် ပြဿနာရှိသူများ ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်မားမှုမရှိ

ကိုပင်ဟေဂင် ဩဂုတ် ၉

ကိုယ်ဝန်ဆောင်စဉ်ကာလ သွေးအတွင်းသကြားဓာတ်ပါဝင်မှု ပုံမှန်ထက်မြင့်မားသည့်ပြဿနာ ရှိခဲ့သည့် အမျိုးသမီးများတွင် ရင်သားကင်ဆာရောဂါ ဖြစ်နိုင်ခြေ မြင့်မားမှုမရှိကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၈ ရက်တွင် ပြောကြားသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် ၁၉၉၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကြား ကလေးမွေးဖွားခဲ့ကြသည့် အမျိုးသမီးဦးရေ ၇၀၈၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုယ်ဝန်ဆောင်ကာလသွေးအတွင်းသကြားဓာတ်ပါဝင်မှုမြင့်မားသည့်ပြဿနာ (Gestational Diabetes) ရှိနေသူအမျိုးသမီးများသည် အထက်ပါပြဿနာ မရှိသူများထက်ပို၍ ရင်သားကင်ဆာဖြစ်နိုင်ခြေမြင့်မားမှု မရှိသည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် Gestational Diabetes ပြဿနာရှိနေသူများအနေဖြင့် အဆိုပါပြဿနာနှင့်ရင်သားကင်ဆာဖြစ်နိုင်ခြေတို့ကြားဆက်စပ်မှုမရှိသည့်တိုင် ဆီးချိုရောဂါကို သတိထားရန်လိုကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

Gestational Diabetes ပြဿနာကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## ပိုးသတ်ဆေးများ ဖယ်ရှားရေးအတွက် အသီးအနှံများကိုရေဆေးရုံဖြင့် လုံလောက်မှုမရှိ

ပေကျင်း ဩဂုတ် ၉

ဘေးအန္တရာယ်ကြီးမားသည့် ပိုးသတ်ဆေးများကို ဖယ်ရှားရေးအတွက် အသီးအနှံများကို ရေစင်စင်ဆေးရုံဖြင့် လုံလောက်မှု မရှိကြောင်း တရုတ်နိုင်ငံ သုတေသနပညာရှင်များက ဩဂုတ် ၈ ရက်တွင် သတိပေးလိုက်သည်။

တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အန္တရာယ်များသည့် ပိုးသတ်ဆေးများဖယ်ရှားရေးအတွက်ရေစင်စင်ဆေးရုံဖြင့် မလုံလောက်တော့ဘဲ အခွံများသင်ရန်လည်း လိုလာကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် ပန်းသီးနှင့်သခွားသီးကဲ့သို့ သစ်သီးဝလံများကို အဆင့်မြင့်နည်းပညာများဖြင့်စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ရေစင်စင်ဆေးထားလျှင်ပင် သစ်သီးဝလံများ၌ အသည်းကင်ဆာနှင့် ဆက်စပ်နေသော ပိုးသတ်ဆေး အကြွင်းအကျန်များ ကျန်ရှိနေဆဲဖြစ်သည်ကိုတွေ့ရှိရကြောင်း သိရသည်။

သို့ဖြစ်ရာ ပိုးသတ်ဆေးများကို ဖယ်ရှားရေးအတွက် သစ်သီးဝလံများကို ရေစင်စင်ဆေးရုံဖြင့် မလုံလောက်တော့ကြောင်း တရုတ်သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ပန်းသီး၊ သခွားသီးကဲ့သို့ အသီးအနှံမျိုးကို အခွံသင်၍စားသုံးသင့်သည်ဟုလည်း တရုတ်သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO





## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူး ရီတီဂွီကို ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းဖြင့် အတ္တလန်တာအသင်းခေါ်ယူ

ရောမ ဩဂုတ် ၉

လာမည့်ရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည့် အတ္တလန်တာအသင်းက ကစားသမားဖြည့်တင်းမှုအနေဖြင့် ဂျီနိုအာ တိုက်စစ်မှူး ရီတီဂွီကို ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းဖြင့် ခေါ်ယူခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ လေးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အတ္တလန်တာ အသင်းသည် တိုက်စစ်ပိုင်းတွင် စကာမက်ကာကိုသာ အားထားနေရသော်လည်း ၎င်းအနေဖြင့် ရာသီအကြိုခြေစမ်းပွဲစဉ်တွင် အရွတ်ထိခိုက်ဒဏ်ရာကြောင့် နောက်ထပ် ခြောက်လခန့် အနားယူရမည်ဖြစ်သဖြင့် နည်းပြဂတ်စ်ပါရီနီက တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ရီတီဂွီကို ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ကနဦးပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းနှင့် ကစားသမား၏ စွမ်းဆောင်ရည်ပေါ် မူတည်ကာ ယူရိုသုံးသန်း ပေးချေရမည်ဖြစ်သောကြောင့် ယူရို ၂၅ သန်းထိ အသုံးပြုခဲ့ရသည်။

အသက် ၂၅ နှစ်ရှိ ရီတီဂွီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဂျင်တီးနားကလပ် အေတီကိုတီဂရီအသင်းမှ ဂျီနိုအာအသင်းသို့ ယူရို ၁၅ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၃၁ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် စီးရီးအေအသင်းများဖြစ်သည့် ဘိုလော့နာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ကခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမားအနေဖြင့်နည်းပြဂတ်စ်ပါရီနီနှင့် လက်တွဲရန်သာ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အတ္တလန်တာ အသင်းသည် ယခုအပြောင်းအရွှေ့ ကာလတွင် အေစီမီလန်တိုက်စစ်မှူး ကီတီလာရီကို အပြီးသတ်ဝယ်ယူခဲ့သည့်အပြင် အဲဗာတန်ခံစစ်ကစားသမား ဂေါ့ဖရီကို ယူရို ၁၀ သန်း၊ ဂါလာတာစာရေးအသင်းမှ တောင်ပံကစားသမား ဇန်နီအိုလိုကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး ကက်ဂလီယာရီမှ ဆူလီမန်နာကို ယူရို ၇ ဒသမ ၅ သန်း၊ လက်ရှိတွင် တိုက်စစ်မှူး ရီတီဂွီကို ယူရို ၂၂ သန်းဖြင့် ကစားသမားသစ်ခေါ်ယူမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

Ref : RT

Trs : ML



## အားကစားသတင်းအတိုအထွာများ

- စတုဂတ်အသင်းက ဘရိုက်တန်တိုက်စစ်မှူး အန်ဒက်ဗ်ကို ပြောင်းရွှေ့ကြေး ယူရို ၂၇ သန်းဖြင့် ခေါ်ယူခဲ့ပြီး လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက လူငယ်တိုက်စစ်မှူး ဇာရာဂိုဇာကို ပုံမှန်ပွဲထွက်ခွင့် မပေးနိုင်သောကြောင့် လာလီဂါကလပ် အိုဆာဆူနာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းသည် ပရိသတ် ဦးရေ ၆၁၀၀၀ ကျော် ဝင်ဆံ့သည့် ကွင်းသစ်တိုးချဲ့နိုင်ခဲ့သောကြောင့် အင်္ဂလန်တွင် စတုတ္ထမြောက်အကြီးဆုံးကစားကွင်းကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ML

# အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲတွင် မော်ရိုကိုအသင်း ဂိုးပြတ်အနိုင်ရရှိ



ပဲရစ် ဩဂုတ် ၉

ပဲရစ်အိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်တွင် အီဂျစ်အသင်းနှင့် မော်ရိုကိုအသင်းတို့ ကစားခဲ့ရာ မော်ရိုကိုအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး ကြေးတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သဖြင့် အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ် ရှိခဲ့သော်လည်း ပွဲကစားချိန် ၂၃ မိနစ်နှင့် ၂၆ မိနစ်တို့တွင် မော်ရိုကိုအသင်းက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုးပြတ် အနိုင်ရခဲ့သည့်အပြင် ဒုတိယပိုင်းတွင်လည်း အီဂျစ်အသင်းက တိုက်စစ်ပိုင်းအားနည်းမှုကြောင့် ချေပဂိုး မရခဲ့ဘဲ မော်ရိုကိုအသင်းကသာ တန်ပြန်တိုက်စစ်ဖြင့် ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ၅၁ မိနစ်၊ ၆၄ မိနစ်၊ ၇၃မိနစ်နှင့် ပွဲချိန် ၈၇ မိနစ်တို့တွင် ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သောကြောင့် ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီး ကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

မော်ရိုကိုအသင်းသည် အီဂျစ်အသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာစီးမရခဲ့သော်လည်း အပိုင်အခွင့်အရေးများကို အကောင်းဆုံးအသုံးချနိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ခြောက်ကြိမ်တွင် ခြောက်ကြိမ်စလုံး ဂိုးရရှိခဲ့ပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ရာဟီမီသည်လည်း သွင်းဂိုး ရှစ်ဂိုးဖြင့် ပြိုင်ပွဲတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ယခုပြိုင်ပွဲတွင် မော်ရိုကိုအသင်းသည် အုပ်စုအဆင့်တွင် အာဂျင်တီးနား၊ အီရန်တို့ကို အနိုင်ယူ၍ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကာ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်တွင် စပိန်အသင်းနှင့်တွေ့ဆုံခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် တတိယလုပွဲစဉ်သာ ကစားခဲ့ရပြီး ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကာ အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် လန်ဒန်အိုလံပစ်ပြိုင်ပွဲ အပြီး ၁၂ နှစ်အကြာမှ ကြေးတံဆိပ်ဆု ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ကစားသမားခုနစ်ဦးထိ ထွက်ခွာခွင့်ပြုမည်ဟု နည်းပြဖလစ် ပြောကြား

ဘာစီလိုနာ ဩဂုတ် ၉

ဘာစီလိုနာအသင်း နည်းပြသစ် ဖလစ်သည် အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ ရက်သတ္တသုံးပတ်အလိုတွင် အသင်းမှ ကစားသမား ခုနစ်ဦးထိ ထွက်ခွာခွင့်ပြုမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

နည်းပြဖလစ်သည် ရာသီကြိုခြေစမ်းပွဲများတွင် လူငယ်ကစားသမားများနှင့်ပွဲထွက်ခဲ့ပြီးနောက် လက်ရှိတွင် အသင်းမှ စီနီယာကစားသမားလည်း ပြန်လည်ရောက်ရှိလာခဲ့ရာ အသင်းနှင့် လေ့ကျင့်ရေးအစီအစဉ် စတင်ခဲ့ချိန်တွင် ပထမအသင်းမှ ကစားသမားများဖြစ်သည့် တောင်ပံကစားသမား ရာဖင်ဟာ၊ ဖာရန်တောရက်စ်၊ ခံစစ်ကစားသမား လန်ဂလက်နှင့် အင်နီဂိုမာတီနက်ဇ်၊ ကွင်းလယ်ကစားသမား တိုရီ၊ တောင်ပံကစားသမား ဗစ်တာရိုကီနှင့် တိုက်စစ်မှူး အန်ဆုဖာတီတို့ ခုနစ်ဦးကို ရောင်းချသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ကစားသမားများအနေဖြင့် အသင်းမှထွက်ခွာရန် ဆန္ဒမရှိသော်လည်း အသင်းအနေဖြင့် ကစားသမားသစ် ပြန်လည်ခေါ်ယူရန် ငွေကြေးလိုအပ်ချက်ကြောင့် အဓိကကစားသမားများကို ရောင်းချသွားမည်ဖြစ်ကာ လက်ရှိတွင် တောင်ပံကစားသမား အိုမိုကိုခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် တိုက်စစ်ပိုင်းအတွက် ဘိုင်ယန်မြူးနစ်ကစားသမား ကင်စလေကိုးမန်းကို ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ကွင်းလယ်ကစားသမား တိုရီသည် ရာသီကြိုခြေစမ်းပွဲအဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်း၊ ရီးရဲလ်မက်ဒရစ် အသင်းတို့နှင့် ပွဲစဉ်တွင် ခြေစွမ်းပြနိုင်ခဲ့သဖြင့် နည်းပြဖလစ်က ရောင်းချရန် ဆန္ဒမရှိသော်လည်း ၎င်းနေရာတွင် ကစားနိုင်သည့် ကစားသမားများစွာရှိသည့်အတွက် ရောင်းချရန်စီစဉ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik

Trs : ML


# အိုလံပစ်အားကစားပွဲတော် ၅၄ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ချန်းယွမ် ရွှေတံဆိပ်ဆွတ်ခူး

ပဲရစ် ဩဂုတ် ၉

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် အိုလံပစ်အားကစားပွဲတော် အမျိုးသမီး ၅၄ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တရုတ်လက်ဝှေ့မယ် ချန်းယွမ်နှင့် တူကီယဲလက်ဝှေ့မယ် ဟာတိုက်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ချန်းယွမ်က အနိုင်ရရှိပြီး တရုတ်နိုင်ငံအတွက် ပထမဆုံး အိုလံပစ်ရွှေတံဆိပ်ဆုအား ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်းယွမ်သည် တိုကျိုအိုလံပစ်အားကစားပွဲတော်တွင် ကွာတားဖိုင်နယ်အဆင့်၌ ရှုံးနိမ့်ခဲ့ပြီး အောင်မြင်မှုမရခဲ့သည့်နောက်ပိုင်း အိုလံပစ် အောင်မြင်မှုအတွက် အကောင်းဆုံး ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချန်းယွမ်က "တိုကျိုအိုလံပစ်အားကစားပွဲတော်မှာ ကျရှုံးခဲ့ရပြီးနောက်ပိုင်း ကျွန်မရဲ့စိတ်ခံတပ်ပိုင်းဆိုင်ရာ အခက်အခဲများစွာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရမယ်ဆိုတဲ့ စိတ်တစ်ခုကြောင့် အများကြီးကြိုးစားခဲ့ရတယ်။ အိုလံပစ်အားကစားပွဲတော်ဆိုတာက အောင်မြင်မှုရသည်ဖြစ်စေ မရသည်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာနဲ့တင် စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ အခု ကျွန်မလိုချင်တဲ့အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့ပြီ။ ဆုလက်ခံရယူချိန် တရုတ်နိုင်ငံရဲ့ အလံလွှင့်တင်ချိန်မှာ ကျွန်မအနေနဲ့ မျက်ရည်ကျမတတ် ဝမ်းသာရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



Ref : Xinhua

Trs : AZL

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၆)တွင် ဒဂုံပေါ့အသင်းက မြဝတီအက်ဖ်စီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီ က ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၆)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစား ကွင်းတွင် ဒဂုံပေါ့အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစား ခဲ့ရာ ဒဂုံပေါ့အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်း စလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိ ခဲ့ဘဲ အပြန်အလှန် ဖိအား ပေးမှုများဖြင့် အကြိတ်အနယ် ရှိခဲ့ကာ နှစ်သင်းစလုံး ဂိုးသွင်းခွင့် တချို့ရရှိခဲ့သော်လည်း တိုက်စစ် ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်း ယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံး ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင် လိုအပ်နေ သည့် ဦးဆောင်ဂိုးများအတွက် နှစ်သင်းစလုံး တိုက်စစ်မြှင့်ကစား ခဲ့ရာ ပွဲချိန် ၅၂ မိနစ်တွင် ရဲရိုးယံက မြဝတီအက်ဖ်စီအသင်း အတွက် ဦးဆောင်ဂိုးသွင်းယူနိုင် ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့ရ ပြီးနောက် ဒဂုံပေါ့အသင်းက ပြန်လည်တိုက်စစ်ဆင် ဖိအားပေး ကစားခဲ့ရာ ပွဲချိန် ၇၉ မိနစ်တွင် Mogou က ဒဂုံပေါ့အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၉၄



မိနစ်တွင် မျိုးဆက်ပိုင်က အနိုင် ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံပေါ့အသင်းက မြဝတီအက်ဖ်စီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံးကစား သမားဆုကို ဒဂုံပေါ့အသင်းမှ မျိုးဆက်ပိုင်က ဆွတ်ခူးနိုင်ခဲ့ ကြောင်း သိရသည်။

STA

# Cincinnati Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ဂျိုကိုဗစ် ပြောကြား

နယူးယောက် ဩဂုတ် ၉

အမေရိကန် နိုင်ငံတွင် ကျင်းပမည့် Cincinnati Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် မည်မဟုတ်ကြောင်း ဆာဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဂျိုကိုဗစ်သည် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ပထမဆုံး အိုလံပစ်ရွှေတံဆိပ် ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် မိသားစုဖြင့် အနားယူရန် အချိန်ပေးလို၍ Cincinnati Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက် ခဲ့ခြင်းဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ထို့ပြင် ဂျိုကိုဗစ်သည် US Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံ တစ်ဦးဖြစ်ပြီး US Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ရေးနှင့်ပတ်သက်၍လည်း မဆုံး ဖြတ်ရသေးကြောင်း ပြောကြား ခဲ့သည်။

ကစားသမားဘဝ သက်တမ်း တစ်လျှောက် ဂရန်းစလန်း ချန်ပီယံဆုဖလား ၂၄ လုံးရရှိထား သည့် ဂျိုကိုဗစ်သည် မရဖူးသေး သည့် အိုလံပစ်ရွှေတံဆိပ်ဆုအား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကစား သမားဘဝ၏ ရည်မှန်းချက် ပန်းတိုင်အား ရောက်ရှိခဲ့၍ ကာလ တစ်ခုထိ အနားယူသွားမည်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဘရန့်ဖို့ဒ်အသင်းက နာပိုလီကွင်းလယ်ကစားသမား ကာဟူစတီကို ယူရို ၁၀ သန်း ဖြင့်ခေါ်ယူ



လန်ဒန် ဩဂုတ် ၉

ဘရန့်ဖို့ဒ်အသင်းသည် ကွင်း လယ်ပိုင်း လိုအပ်ချက်အတွက် နာပိုလီအသင်း ကွင်းလယ် ကစားသမား ကာဟူစတီကို ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

နာပိုလီအသင်း နည်းပြသစ် ကွန်တီက ကွင်းလယ်ကစားသမား ကာဟူစတီ၏ ကစားပုံကို နှစ်သက်မှုမရှိသဖြင့် အသင်းမှ ထွက်ခွာခွင့် ပြုခဲ့သောကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူရန် အခွင့်အရေးရခဲ့ကာ ပြောင်းရွှေ့ ကြေး ယူရို ၁၀ သန်းဖြင့် ခေါ်ယူ မည်ဖြစ်သော်လည်း ယခုရာသီ တွင် တစ်ရာသီအငှားစာချုပ်ဖြင့် ကစားရန် ကလပ်အသင်းနှစ်ခု ကြား သဘောတူညီမှုရရှိခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းသည် ယခု အပြောင်းအရွှေ့ ကာလတွင် အရည်အသွေးကောင်းသည့် ကစား သမားများကိုခေါ်ယူရန် စီစဉ်ခဲ့ပြီး ဘဏ္ဍာရေး ဖိအားမရှိစေရန် ကြိုးပမ်းခဲ့ရာ ကာဟူစတီကို ကနဦးအငှားဖြင့်သာ ခေါ်ယူခဲ့ သောကြောင့် အသင်း၏ရည်မှန်း ချက်နှင့် ကိုက်ညီခဲ့သည့်အပြင် နည်းပြသောမတ်ဖရန့်၏ နည်း စနစ်ပိုင်းကို ပံ့ပိုးပေးနိုင်မည့် ကစားသမား ဖြစ်သည့်အတွက် ကွင်းလယ် ကစားအားကိုလည်း ထပ်မံမြှင့်တင်နိုင်ခဲ့သည်။

အသက် ၂၄ နှစ်ရှိ ကာဟူ စတီသည် ကွင်းလယ်ပိုင်းတွင် သာမက ဘယ်တောင်ပံခံစစ်ပိုင်း တွင်လည်း ပါဝင်ကစားနိုင်သည့် ကစားသမားဖြစ်ပြီး ပြီးခဲ့သည့် ရာသီက နာပိုလီအသင်းတွင် ပြိုင်ပွဲစုံ ၃၅ ပွဲထိ ပါဝင်ကစား ပေးခဲ့ပြီး ဂိုးဖန်တီးမှု နှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည်။

လက်ရှိတွင် ဘရန့်ဖို့ဒ်အသင်း သည် ရာသီကြိုခြေစမ်းပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေကာ ဝုဖ် ဘတ်အသင်းနှင့် ခြေစမ်းပွဲ ကစားအပြီးတွင် ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်အဖြစ် ပဲလေ့စ်အသင်း နှင့်ကစားရမည်ဖြစ်ပြီး အဆိုပါ ပွဲစဉ်တွင် ကာဟူစတီကို ထည့်သွင်းအသုံးပြုရန် နည်းပြ ဖရန့်က စီစဉ်ထားကြောင်း သိရသည်။

Ref : RT
Trs : ML

# စပါးအသင်းက ဆိုလန်ကီကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ကြိုးပမ်း



လန်ဒန် ဩဂုတ် ၉

စပါးအသင်းက အသင်း တိုက်စစ်ပိုင်းကို အင်အားဖြည့် တင်းသည့်အနေဖြင့် ဘုန်းမောက် အသင်းမှ တိုက်စစ်မှူးဆိုလန်ကီ ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန် အတွက် ကြိုးပမ်းလျက်ရှိ ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ဆိုလန်ကီ သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘုန်းမောက်အသင်းနှင့် အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ ကာ ၂၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အသင်း အထောင်တိုက်စစ်ပိုင်း တွင် အကောင်းဆုံးခြေစွမ်း ပြသ နိုင်ခဲ့သည့်အတွက် စပါးအသင်း က လိုအပ်ချက်များရှိနေသည့် အထောင်တိုက်စစ်ပိုင်း အတွက် ဆိုလန်ကီကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိ ဘုန်းမောက်အသင်း နှင့် ဆိုလန်ကီတို့စာချုပ် သက်တမ်းမှာ ၂၀၂၈ ခုနှစ် ဇွန်လ ထိကျန်ရှိနေပြီး ၎င်းကို ခေါ်ယူလိုသည့် အသင်းများအနေ ဖြင့် စာချုပ်ဖျက်သိမ်းကြေး စတာ လင်ပေါင် ၆၅ သန်း ပေးချေရမည် ဖြစ်သော်လည်း စပါးအသင်း က စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းနေပြီး စပါးအသင်းနှင့် ဆိုလန်ကီတို့ကြား တွင်လည်း ပုဂ္ဂိုလ်ရေးအရသဘော တူညီမှုရရှိထားပြီးဖြစ်သည်။

စပါးအသင်းသည် လက်ရှိ အသင်းတိုက်စစ်ပိုင်းတွင် ဆွန် ဟောင်မင်နှင့် ရစ်ချာလီဆန်တို့ ရှိနေသော်လည်း လက်ရှိကစား သမား အပြောင်းအရွှေ့ကာလတွင် ရစ်ချာလီဆန်ကို ဆော်ဒီကလပ် အသင်းများထံ ရောင်းချရန် ပြင်ဆင်နေပြီး ရောင်းချပြီးပါက ဆိုလန်ကီကို စာချုပ်ဖျက်သိမ်း ကြေးပေးချေကာ ခေါ်ယူသွားရန် စီစဉ်ထားခြင်းဖြစ်သည်။

စပါးအသင်းအနေဖြင့် ဆိုလန် ကီကို စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၆၅ သန်းဖြင့် ခေါ်ယူခဲ့ပါက အသင်းသမိုင်း တစ်လျှောက် ပြောင်းရွှေ့ကြေး အမြင့်ဆုံး ကစားသမားဖြစ်လာ မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : STA

# အမျိုးသမီးလိဂ် ပွဲစဉ်(၁၂)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီ က ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်များကို ယနေ့ညနေ ပိုင်းက ရန်ကုန်မြို့တွင်ကျင်းပ ခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း နှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန် ယူနိုက်တက်အသင်းနှင့် သစ္စာ အားမာန်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင် ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်နှင့် ၇၉ မိနစ်တွင် ဝင်းသီရိထွန်းနှင့် ပွဲချိန် ၄၅ မိနစ် အပြီး နာကျင်အချိန်ပို လေးမိနစ် နှင့် ၈၃ မိနစ်တွင် ယွန်းဝတီလှိုင် တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း တွင် ရောဝတီအသင်းနှင့် ISEP အသင်းတို့ကစားခဲ့ရာ ISEP အသင်းက လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISEP အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်နှင့် ၅၅ မိနစ်တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၄၃ မိနစ်တွင်



ရွှေရည်ထွန်း၊ ပွဲချိန် ၈၂ မိနစ်တွင် နုနုတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရောဝတီအသင်းအတွက် တစ်လုံး တည်းသောချေပဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် စန်းသော်သော် က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးဖို့ စနစ်တကျကျွေးမွေးကြပါစို့

ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူလူထုစိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ၂၀၀၉ ခုနှစ်မှစတင်ကာ ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ပြီး နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ ဩဂုတ်လ ဒုတိယသီတင်းပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ်သတ်မှတ်ထားရှိပြီး ကလေးများအာဟာရပြည့်ဝရေး၊ စံမီကြီးထွားဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ထက်မြက်ရေးတို့အတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**စနစ်တကျကျွေးမွေးသင့်**

ကလေးအသက် ခြောက်လပြည့်ပြီးနောက် အာဟာရကြွယ်ဝသော ဖြည့်စွက်အစာများကို စတင်ကျွေးရင်း မိခင်နို့ကို ကလေးအသက် နှစ်နှစ်ကျော်သည်ထိ ဆက်လက်၍တိုက်ကျွေးနိုင်သည်။ အသက်နှစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေးအတွက် အောက်ဖော်ပြပါ ကောက်နှံများနှင့် သစ်ဥသစ်ဖုများ၊ အသားဓာတ်ပါဝင်သော အစားအစာများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ အစေ့အဆန်များ၊ ဆီနှင့်အဆီအမျိုးမျိုးကို စနစ်တကျ ကျွေးမွေးရန်လိုအပ်ပေသည်။

(၁) **ကောက်နှံများနှင့် သစ်ဥသစ်ဖုများ။** ဆွတ်ဆွတ်ဖြူအောင်ကြိတ်ခွဲမထားသော ဆန်နှင့် ဆန်ဖြင့်ပြုလုပ်ထားသည့် အစားအစာများ၊ ဂျုံခေါက်ဆွဲ၊ ပေါင်မုန့်များနှင့် အာလူး၊ ပိန်းဥ၊ ကန်စွန်းဥတို့သည် ကစီဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ကြပြီး ကလေးငယ်များ ကြီးထွားဖွံ့ဖြိုးမှုအတွက် အင်အားဖြစ်စေသော အဓိက အစာအုပ်စုကြီးပင်ဖြစ်သည်။ ထို့ပြင် ခန္ဓာကိုယ်အတွက် အရေးပါသည့် ဗီတာမင်နှင့် သတ္တုဓာတ်များကိုလည်း ၎င်းအစာအုပ်စုမှပင်ရရှိနိုင်သည်။ ဆွတ်ဆွတ်ဖြူအောင် ကြိတ်ခွဲမထားသော နံ့စားပင်များသည် ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သည့်အပြင် အမျှင်ဓာတ်တို့ကိုလည်း ပေးစွမ်းနိုင်သောကြောင့် ရွေးချယ်ကျွေးမွေးရန် သင့်လျော်သော အစားအစာဖြစ်သည်။

(၂) **အသားဓာတ်ပါဝင်သောအစားအစာများ။** လူ့ခန္ဓာကိုယ်သည် သံဓာတ်ကို အသည်း၊ အမဲသား၊ ဝက်သား၊ ကြက်သား စသည့်အသားအမျိုးမျိုးတို့မှ အဓိကရရှိပြီး ပဲအမျိုးမျိုးမှလည်း အတိုင်းအတာတစ်ခုထိရရှိနိုင်သည်။ ခရမ်းချဉ်သီး၊ သံပရာသီး၊ ဂေါ်ဖီစိမ်း စသည့်အချဉ်ဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက်များနှင့် မာလကာသီး၊ ပန်းသီး စသည့် သစ်သီးများ တွဲဖက်ကျွေးမွေးခြင်းအားဖြင့် ကလေးငယ်များအတွက် လိုအပ်သောသံဓာတ်ကို ရရှိစေနိုင်သည်။

(၃) **နို့နှင့်နို့ထွက်အစားအစာများ။** နို့နှင့်နို့ထွက်အစားအစာများသည် ကလေးငယ်များအတွက် လိုအပ်သောအင်အားနှင့် အသားဓာတ်များပေးသည့်အပြင် ဗီတာမင်နှင့်သတ္တုဓာတ်များကိုလည်း ပံ့ပိုးပေးနိုင်သည်။ ထို့ပြင် နို့နှင့်နို့ထွက်အစားအစာများကို စားသုံးခြင်းဖြင့် ကလေးငယ်များ၏ အရိုးနှင့်သွားများ သန်မာကြီးထွားစေရန် လိုအပ်သော ကယ်လ်စီယမ်ဓာတ်ကိုလည်း ရရှိစေနိုင်သည်။

(၄) **ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ။** ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စားသုံးခြင်းဖြင့် ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်၊ သတ္တုဓာတ်နှင့်အမျှင်ဓာတ်အမျိုးမျိုးကို ရရှိနိုင်သည်။ ထို့ပြင် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများတွင် ကျန်းမာရေးနှင့် ကိုယ်ခံအားကောင်းမွန်စေသော ဒြပ်ပေါင်းများပါဝင်သည်။

**❖ ကလေးငယ်များအသက် ခြောက်လပြည့်ပြီး ဖြည့်စွက်အစာကျွေးသည့်အချိန်မှစ၍ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များရှိသည်။ ကလေးငယ်များသည် ကယ်လ်စီယမ်လုံလောက်မှုရှိစေရန် အဓိကလိုအပ်သည်။ ကယ်လ်စီယမ်လုံလောက်မှုမရှိလျှင် ကလေးငယ်သည် အရိုးအဆစ်ဖွံ့ဖြိုးမှုမရှိသဖြင့် ခန္ဓာကိုယ်အချိုးအဆစ် လှပပြေပြစ်မှုမရှိနိုင်ပေ။ ကယ်လ်စီယမ်ကြွယ်ဝသည့် အစားအစာများမှာ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဆယ်လမွန်ငါးများနှင့် အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များဖြစ်သည့် ကိုက်လန်၊ ဟင်းနုနယ်နှင့် ပန်းဂေါ်ဖီစိမ်းတို့ဖြစ်သည်။ ❖**

(၅) **ဆီနှင့် အဆီအမျိုးမျိုး။** အဆီအမျိုးမျိုးသည် အင်အားဖြစ်စေသည့်အပြင် ကလေးငယ်များ ကြီးထွားဖွံ့ဖြိုးစေရန်၊ ခန္ဓာကိုယ်အနွေးဓာတ်ရရှိစေရန်နှင့် ဇီဝကမ္မဖြစ်စဉ်များ ကောင်းစွာလည်ပတ်နိုင်စေရန် ကိုယ်လက်လှုပ်ရှားမှုအတွက် လိုအပ်သည့် စွမ်းအင်အာဟာရများ ပေးစွမ်းနိုင်သဖြင့် အဆီများကို သင့်တင့်မျှတစွာစားသုံးရန် လိုအပ်သည်။ အဆီအမျိုးမျိုးသည် ဆီဓာတ်သာပျော်ဝင်နိုင်သော ဗီတာမင်အုပ်စုများဖြစ်ကြသည့် ဗီတာမင်အေ၊ ဒီ၊ အီး၊ ကေ တို့ကို အစာလမ်းကြောင်းမှ စုပ်ယူနိုင်စေရန် အထောက်အကူပြုပေးနိုင်သည်။

ကလေးငယ်များအသက် ခြောက်လပြည့်ပြီး ဖြည့်စွက်အစာကျွေးသည့်အချိန်မှစ၍ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များရှိသည်။ ကလေးငယ်များသည် ကယ်လ်စီယမ်လုံလောက်မှုရှိစေရန် အဓိကလိုအပ်သည်။ ကယ်လ်စီယမ်လုံလောက်မှုမရှိလျှင် ကလေးငယ်သည် အရိုးအဆစ်ဖွံ့ဖြိုးမှုမရှိသဖြင့် ခန္ဓာကိုယ်အချိုးအဆစ်လှပပြေပြစ်မှုမရှိနိုင်ပေ။ ကယ်လ်စီယမ်ကြွယ်ဝသည့်အစားအစာများမှာ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဆယ်လမွန်ငါးများနှင့် အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များဖြစ်သည့် ကိုက်လန်၊ ဟင်းနုနယ်နှင့် ပန်းဂေါ်ဖီစိမ်းတို့ဖြစ်သည်။

ထို့ပြင် အမျှင်ဓာတ်သည် ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ပိုတက်စီယမ်တို့ကဲ့သို့ ခန္ဓာကိုယ်အတွက် လိုအပ်လျက်ရှိသည်။ အမျှင်ဓာတ်သည် အစာခြေစနစ်ကို အကောင်းဆုံးအထောက်အကူပြုပြီး ခန္ဓာကိုယ်မှ ကယ်လိုရီလောင်ကျွမ်းစေရန် ကူညီပေးနိုင်သည်။ အမျှင်ဓာတ်ကြွယ်ဝသော အစာများမှာ ဘယ်ရီသီး၊ ပန်းဂေါ်ဖီစိမ်း၊ ထောပတ်သီး၊ ဂျုံနှင့် လုပ်ထားသောမုန့်များ၊ ပဲအမျိုးမျိုးဖြစ်ပြီး ကလေးငယ်များကို အမျှင်ဓာတ်ပါဝင်သည့် အစားအစာများကျွေးသင့်သည်။

ဗီတာမင်ဘီသည် ခန္ဓာကိုယ်အတွက် ဇီဝရုပ်ဖြစ်ပျက်မှုကို ပိုမိုကောင်းမွန်စေသည်။ ဗီတာမင်ဘီသည် အသား၊ ငါးအမျိုးမျိုး၊ ဥအမျိုးမျိုးတို့တွင် ပါဝင်သဖြင့် မဖြစ်မနေကျွေးသင့်သည်။ ဗီတာမင်ဒီသည် ကယ်လ်စီယမ်ကဲ့သို့ပင် အရိုးအဆစ်အတွက် မရှိမဖြစ်လိုအပ်သည်။ ဗီတာမင်ဒီကြွယ်ဝသည့်အစားများမှာ ဆယ်လမွန်ငါး၊ မက်ကရယ်ငါး၊ ဆာဒင်းငါး စသည့် ပင်လယ်ငါးနှင့် ဥအနှစ်၊ ဟင်းသီးဟင်းရွက်တို့ဖြစ်သည်။ နေရောင်ခြည်မှ ဗီတာမင်ဒီ ပေါကြွယ်စွာရနိုင်သဖြင့် နံနက် ၉ နာရီမှ ၁၀ နာရီထိ တစ်နာရီမျှ နေရောင်ခြည်ပြသင့်သည်။

ဗီတာမင်အီးသည် ခန္ဓာကိုယ် ခုခံအားစနစ်ကောင်းစေပြီး သွေးလည်ပတ်စီးဆင်းမှုကောင်းစေသည်။ အရေပြားနှင့်ဆံကေသာကိုလည်း ဖွံ့ဖြိုးစေရန် အထောက်အကူပြုသည်။ ဗီတာမင်အီးကြွယ်ဝသည့် အစာများမှာ ဟင်းရွက်ဆီ၊ နေကြာဆီ၊ နေကြာစေ့၊ မြေပဲစေ့၊ ဗာဒံစေ့၊ သံလွင်ဆီတို့ဖြစ်သည်။ သံဓာတ်သည် သွေးကြောများကို အားဖြည့်ပေးနိုင်ပြီး သွေးကြောဆဲလ်များကို အောက်ဆီဂျင်ရရှိစေရန် ကူညီပေးနိုင်သည်။ သံဓာတ်ကြွယ်ဝသည့်အစာများမှာ အသား၊ ငါး၊ အစိမ်းရင့်ရောင်ဟင်းရွက်၊ ပဲအမျိုးမျိုး၊ အသည်းနှင့် ပဲနို့တို့ဖြစ်သည်။

**ဆင်ခြင်စားသုံးသင့်သည့်အစားအစာများ**

ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် ဆား၊ သကြားနှင့် ဆီများကြွယ်ဝစွာပါဝင်သည့်အစားအစာများ၊ ကယ်လိုရီအများအပြားပါဝင်ပြီး အာဟာရဓာတ်အနည်းငယ်သာပါဝင်သည့် သကြားလုံး၊ ရေခဲမုန့်၊ အာလူးကြော်၊ အသားကြော်၊ အအေးနှင့်အချိုရည်တို့ကိုတတ်နိုင်သမျှ လျှော့ကျွေးသင့်သည်။ ထို့ပြင် အချိုရည်အမျိုးမျိုး၊ သကြားများစွာပါဝင်သည့် အသီးဖျော်ရည်များ၊ အားဖြည့်အချိုရည်များနှင့် အရောင်ဆိုးဆေးပါဝင်သည့် အသင့်သောက်ဖျော်ရည်များ၊ အချိုမုန့်များဖြစ်သည့် ထိုးမုန့်၊ ဆနွင်းမကင်း၊ ထန်းလျက်ဖြင့်ပြုလုပ်ထားသော မုန့်များကိုလျှော့ကျွေးသင့်သည်။ အလားတူ အငန်ဓာတ်လွန်ကဲသည့် ငံပြာရည်၊ ဟင်းချိုမှုန့်များဖြစ်သည့် အချိုမှုန့်၊ ငါးအရသာမှုန့်၊ ကြက်သားမှုန့်၊ ဟင်းရွက်မှုန့်များ၊ ငါးပိ၊ ငါးခြောက်များကို လျှော့ကျွေးသင့်ပေသည်။

**ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးဖို့ စနစ်တကျကျွေးမွေးကြပါစို့**

မြန်မာနိုင်ငံ၌ အသက် ငါးနှစ်အောက်ကလေးငယ်များတွင် အာဟာရချို့တဲ့မှုကြောင့် ကလေး လေးဦးလျှင် တစ်ဦးနှုန်းသည် ပုည့်ကျက်နေကြောင်းနှင့် စစ်တမ်းကောက်ယူလေ့လာမှုများအရ အသက် ငါးနှစ်အောက်ကလေးငယ်များ အာဟာရချို့တဲ့နှုန်း တဖြည်းဖြည်းလျော့ကျလျက်ရှိသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်စံနှုန်းဖြစ်သည့် နိုင်ငံတစ်နိုင်ငံတွင် ငါးနှစ်အောက်ကလေးငယ်များ ပုည့်ကျက်မှု ၂၀ ရာခိုင်နှုန်းအောက်သို့ရောက်ရှိနိုင်ရန် ဆက်လက်ကြိုးပမ်းရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ဆိုရလျှင် အာဟာရချို့တဲ့ခြင်းသည် ကလေးများ သေဆုံးခြင်းနှင့် ကလေး၏ရုပ်ပိုင်း၊ စိတ်ပိုင်းဖွံ့ဖြိုးမှုများကို တစ်သက်တာထိခိုက်စေနိုင်သည့်အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ထို့ပြင် အစာအာဟာရကို လုံလောက်စွာ စားသုံးနိုင်မှုမရှိခြင်း၊ မကြာခဏဖျားနာခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုအားနည်းခြင်း၊ ဆင်းရဲခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမမီခြင်းတို့ကြောင့် အာဟာရချို့တဲ့မှုနှုန်းကို မြင့်မားစေလျက်ရှိသည်။

ထို့ကြောင့် အသက် ငါးနှစ်အောက်ကလေးများ ကာလရှည်အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပေါ်သည့် ပုည့်ကျက်မှုလျှော့ချနိုင်ရေးအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားမည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု အကြံပြု တိုက်တွန်းလိုပါသည်။

**ကိုးကား**

- **၂ နှစ်မှ ၅ နှစ်အရွယ်ကလေးများအတွက် စားသောက်နည်းလမ်းညွှန်၊ UNICEF**
- **၆-၈-၂၀၂၃ ထုတ် မြန်မာ့အလင်းသတင်းစာ**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၇၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၇၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲဧက ၈၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ကန့်ဘလူမြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲဧက ၈၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ထောပတ်ပဲသီးနှံစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးကြကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးကြသော တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့် လိုအပ်သည့် နည်းပညာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းမှု စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# Skynet ရုပ်သံလိုင်း၊ SKYPREMIER HD ရုပ်သံလိုင်းမှ ပုံတူ ရုပ်သံဇာတ်လမ်းကို ဩဂုတ် ၁၁ ရက်တွင် ထုတ်လွှင့်ပြသမည်




ရန်ကုန် ဩဂုတ် ၉

Skynet ရုပ်သံလိုင်း၊ SKY-PREMIER HD ရုပ်သံလိုင်းမှ ပုံတူ အမည်ရှိ ရုပ်သံဇာတ်လမ်းကို ဩဂုတ် ၁၁ ရက် ည ၇ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အံ့မင်းညိုက ပြောပြ၍ သိရသည်။

အဆိုပါ ပုံတူ အမည်ရှိ မြန်မာရုပ်သံဇာတ်လမ်း၏ ဝတ္ထု ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးစက်ဝိုင်က ရေးသားထားကာ ဒါရိုက်တာ Angel 23 က တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ရုပ်သံဇာတ်လမ်း ဖြစ်ကြောင်း သိရသည်။

"ကားအက်ဆီးဒင့်ဖြစ်ပြီး သေဆုံးသွားတဲ့အစ်ကိုကြောင့် အမွေကိစ္စအကြောင်းပြုပြီး သွားခဲ့ရတဲ့ ဘိုးဘွားပိုင်အိမ်၊ အမွေဆိုင်အိမ်ကြီးမှာ ကြောက်လန့်စရာအဖြစ်အပျက်တွေက ဆီးကြိုနေတဲ့အခါ ဘာတွေဖြစ်လာမလဲ။ အချစ်၊ စွန့်စားမှုနဲ့ ရင်ခုန်ထိတ်လန့်စရာတွေ ရောမွှေထားတဲ့ စိတ်ဝင်စားစရာ မြန်မာဇာတ်ကားကောင်းလေးပါ" ဟု သရုပ်ဆောင် အံ့မင်းညိုက ပြောပြသည်။

အဆိုပါ ပုံတူရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင် အောင်လေး၊ အံ့မင်းညို၊ ယွန်းယွန်း၊ မိုးပြည့်ပြည်မောင် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Wolfs ဇာတ်ကား၏နောက်ဆက်တွဲ ထုတ်လုပ်မှု Apple ကုမ္ပဏီစတင်

နယူးယောက် ဩဂုတ် ၉

Wolfs အမည်ရှိလျှို့ဝှက်သည်းဖိုဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှုကို Apple ရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

Wolfs နောက်ဆက်တွဲဇာတ်ကားသစ်ကို မူလ Wolfs ဒါရိုက်တာ ဂျွန်ဝပ်ကပင် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Apple စတူဒီယိုသည် မူလ Wolfs ဇာတ်ကားကို အီတလီနိုင်ငံ၌ ကျင်းပမည့် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် မိတ်ဆက်မပြသမီမှာပင် Wolfs နောက်ဆက်တွဲဇာတ်ကားသစ်ရိုက်ကူးထုတ်လုပ်မှုကို စတင်နေခြင်းဖြစ်သည်။

မူလ Wolfs ဇာတ်ကားတွင် မင်းသား ဘရက်ပစ်နှင့် ဂျော့ကလိုနေးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Wolfs ဇာတ်ကားမှာ အလုပ်တစ်ခုတည်းကို တစ်ပြိုင်တည်း လက်ခံမိခဲ့သော ဒုစရိုက်လောကကြေးစား ကြားလူနှစ်ဦးတို့၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ယခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် Apple TV မှတစ်ဆင့် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Skynet၊ Myanmar Arts ရုပ်သံလိုင်းမှ အမေတူသမီးပြဇာတ် ထုတ်လွှင့်မည်

ရန်ကုန် ဩဂုတ် ၉

Skynet ရုပ်သံလိုင်း၊ Myanmar Arts ရုပ်သံလိုင်းမှ ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် ဖျော်ဖြေတင်ဆက်သည့် အမေတူသမီး ပြဇာတ်ကို ဩဂုတ် ၂၄ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်မှ မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။

သဘင်သက်တမ်း နှစ်ပေါင်း ၉၀ ကျော် ရှိခဲ့ပြီဖြစ်သည့် သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့ကြီး၏ အော်ပရာ၊ စင်တင်ပြဇာတ်၊ နှစ်ပါးခွင်အလှတို့ကို Myanmar Arts ရုပ်သံလိုင်းတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ မွန်းတည့် ၁၂ နာရီတွင် ထုတ်လွှင့်ပေးလျက်ရှိပြီး အထူးသဖြင့် မင်းသားကြီး ဦးချမ်းသာ၏ ထင်ရှားကျော်ကြားလူကြိုက်များသည့် အော်ပရာနှင့် ပြဇာတ်များကိုလည်း ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

"ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်ကြီးရဲ့ လက်ရွေးစင် ဇာတ်လမ်းဇာတ်အိမ်တွေကို ရွေးချယ်ပြီး အချစ်၊ အလွမ်း၊ အဆွေး ရသစုံလှတဲ့ ရွှေမန်းချမ်းသာရဲ့ ပြဇာတ်ကောင်းတွေ၊ အကအလှတေးသံသာတွေကို Skynet ရဲ့ Myanmar Arts ရုပ်သံလိုင်းက ပြသပေးနေပါတယ်။ ဩဂုတ် ၂၄ ရက်နဲ့ ဩဂုတ် ၂၅ ရက်တွေမှာ အမေတူသမီး အပိုင်း (၁) ၊ (၂) ပြဇာတ်ကောင်းလေးကို ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု မင်းသားကြီး ဦးချမ်းသာက ပြောပြသည်။



ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် အစီအစဉ်တွင် ဇာတ်မင်းသားကြီး ဦးချမ်းသာ ကိုယ်တိုင်ရေးသားဇာတ်ညွှန်းခွဲကာ ကိုယ်တိုင်ဒါရိုက်တာ သရုပ်ဆောင်အဖြစ်ကပြခဲ့သည့် ထင်ရှားအောင်မြင်သော စင်တင်ပြဇာတ် ၉၀ အနက် လူကြိုက်အများဆုံး ပြဇာတ်များ၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ခေတ်မှ သား ရွှေမန်းချမ်းသာခေတ်ထိ ထင်ရှားခဲ့သည့် နှစ်ပါးအကအလှများကိုလည်း တင်ဆက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ဝါနာဘရားသားကုမ္ပဏီ၏ရုပ်ရှင်ကားသစ်၌ မင်းသမီး ဂျန်နာအော်တေးဂါ ပါဝင်နိုင်

နယူးယောက် ဩဂုတ် ၉

ဝါနာဘရားသားကုမ္ပဏီ၏ တရားဝင်ဇာတ်ကားနာမည် မသိရသေးသည့် ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဂျန်နာအော်တေးဂါ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဂျန်နာအော်တေးဂါသည် ဝါနာဘရားသားကုမ္ပဏီနှင့်အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက ဂျန်နာအော်တေးဂါသည် အထက်ပါရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသားဂလန်းပိုဝဲနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဂျေဂျေအေဘရမ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးပေ။

၎င်းရုပ်ရှင်ဇာတ်ကားသစ်သည် ဒါရိုက်တာ ဂျေဂျေအေဘရမ်အတွက် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဂျေဂျေအေဘရမ်သည် ၂၀၁၉ ခုနှစ်တွင် Star Wars: The Rise of Skywalker ဇာတ်ကားကို နောက်ဆုံးရိုက်ကူးခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက သက်ကြီးရုပ်ရှင်ပညာရှင်များကို ယခုနှစ် ဇူလိုင်လအတွက် လစဉ်ထောက်ပံ့ကြေးများ ထုတ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များအား ယခုနှစ် ဇူလိုင်လအတွက် လစဉ်ထောက်ပံ့ကြေးများကို ဩဂုတ် ၈ ရက်မှစ၍ ရုပ်ရှင်အစည်းအရုံး၌ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်ဦးရေ ၅ဝ ကို လစဉ်ထောက်ပံ့ကြေးများ ထုတ်ပေးလျက်ရှိရာ သက်ကြီးရုပ်ရှင်မိဘတစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီကို မပျက်မကွက် လစဉ် ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ အနုပညာရှင်၊ အတတ်ပညာရှင်များကိုလည်း အခါအားလျော်စွာ ထောက်ပံ့ကြေးများ ထုတ်ပေးလျက်ရှိသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် အယောက် ၅ဝ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ် ထောက်ပံ့ပေးနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွက် ထောက်ပံ့ကြေးတွေကို ဩဂုတ် ၈ ရက်က စတင်ပြီးတော့ ထုတ်ပေးနေပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများအတွက် ၁၅ ကြိမ်မြောက် ဆန်၊ ဆီ၊ စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခြင်းကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်ထိ အုပ်ချုပ်၊ ဖြန့်ချိ၊ ဇာတ်ညွှန်း၊ နောက်ခံတေးဂီတ၊ ပြဇာတ်၊စက်မှု၊ ဇာတ်ပို့၊ ဇာတ်ရုံ၊ အဓိက ဇာတ်ဆောင်၊ ဒါရိုက်တာ အလွှာအလိုက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ASH

# Kokang families residing in Mandalay announce terrorist acts of MNDAA terrorist insurgent group unacceptable, and strongly condemn those acts

**Nay Pyi Taw August 9**

Patients including local people, departmental personnel and families of security forces were killed when MNDAA terrorist insurgent group launched short-range rocket, heavy weapon and drone attack on the military hospital and wards, which were non-military targets, in Lashio, Shan State (North). Terrorists also abducted some of the patients, while some locals had to leave their homes.

Kokang families residing in Mandalay issue an announcement that the inhuman and barbaric acts of MNDAA terrorist insurgent group, which amount to a war crime, are totally unacceptable and that they strongly condemn those acts.

100

# Kokang people residing in Mandalay condemn MNDAA in strongest terms

**Nay Pyi Taw August 9**

MNDAA issued an announcement that its return to Kokang Self-Administered Zone in Shan State (North) was to eliminate online gambling fraud (kya-phyant), and ensure socioeconomic prosperity of Kokang rural people.

In July 2024, MNDAA with the involvement of other EAOs launched an aggressive war for territorial control, but it destroyed peace and stability in certain areas of Shan State (North). MNDAA attacked Lashio and fired short-range rockets, heavy weapons and drone bombs on military hospital, a non-military target, killing patients including innocent locals, department personnel and families, children and adults and destroying public property. Sadly, a large number of ethnic people were departing Lashio almost daily; leaving behind their property they had bought with their earnings through the years, to escape war. Kokang people oppose and condemn the terrorist acts of MNDAA in strongest (strongest) terms.

Because of the absence of peace in Kokang region in the years succeeding 1967, some Kokang families migrated to peaceful places such as Mandalay, Lashio and Yangon long ago. They are taking part in welfare and other social activities together with families of other ethnic peoples, and are providing assistance in national religious and social affairs to the most possible degree, regardless of race and religion. They are also loyal to the State and are living peacefully within the framework of law without involvement in any political organization.

May peace be restored in Union of Myanmar soonest.

# Farmers grow more than 2,000 acres of monsoon paddy in Shwebo Township



A monsoon paddy plantation.

**Shwebo August 9**

The statistics of Shwebo Township Agriculture Department stated that a total of 2,331 acres of monsoon paddy has been planted in Shwebo Township of Sagaing Region.

Local farmers have grown 2,331 acres of monsoon paddy against the target of 109,495 acres of monsoon paddy in Shwebo Township in 2024-25 monsoon cultivation season.

"This year, the township earmarked more than 100,000 acres of monsoon paddy but local farmers have so far planted more than 2,000 acres of paddy. Our department is ready to provide agricultural techniques and quality strains of crops to local farmers. Now, agricultural staff make field trips to the farmlands for growing monsoon paddy in time," said U Hsan Oo, Head of Shwebo Township Agriculture Department.

Officials from relevant agriculture department coordinate with local farmers in growing monsoon paddy without difficulties.

Officials of the township agriculture department raise farmer awareness to use agricultural techniques, prevent pests and keep harvested crops under shelters in time.

Agricultural staff join hands with local farmers in selecting quality strains of paddy seeds, preventing pests, weeding farmlands and systematically using fertilizers. 206

# Thousands of Gazans flee under Israel's evacuation order: UN

**New York August 9**


Following a new evacuation order issued by the Israeli authorities, UN humanitarians said on Thursday its partners reported thousands of Gazans again fleeing parts of the Khan Younis area, west, toward Al Mawasi.

The UN Office for the Coordination of Humanitarian Affairs (OCHA) said the directive affects people in eastern and central Khan Younis and the Al Salqa area of Deir al Balah.

"Initial estimates from our partners monitoring population in movements in Gaza indicate that more than 15,500 people had been living in those areas, which comprise more than 30 neighborhoods," OCHA said. "We call for all parties to the conflict to respect their obligations under international humanitarian law, including by taking constant care to spare civilians and civilian objects."

The office said the appeal also includes allowing civilians to leave for safer areas and allowing their return as soon as circumstances permit. People must be able to receive humanitarian assistance, whether they move or stay.

OCHA warned that constraints on water production and sewage pumping in Gaza continue to expose Palestinians to significant health risks. The lack of generators and alternative energy sources and shortages of spare parts to operate existing generators hamper efforts to scale up the water, sanitation and hygiene response. Xinhua



People flee from the eastern districts of the southern Gaza Strip city of Khan Younis, on Aug. 8, 2024.

# Trump, Harris agree to Sept. 10 debate on ABC: network

**New York August 9**

Former U.S. President Donald Trump and incumbent Vice President Kamala Harris have agreed to a Sept. 10 debate on ABC, the network said on Thursday.

Both Trump, the Republican presidential nominee, and Harris, his Democratic counterpart, have confirmed their participation in the debate, said the network in a statement.

The 90-minute debate is expected to be held in Philadelphia, and the ABC anchors David Muir and Linsey Davis will serve as moderators, according to The New York Times. The debate will probably be held without a live audience, but the exact format and ground rules are still being determined, the report said, quoting two people with knowledge of the plans.

The announcement followed a Trump news conference in Palm Beach, Florida, during which he proposed three debates with Harris. Trump had previously agreed to debate President Joe Biden on Sept. 10, but pulled out after Biden withdrew from the Democratic ticket. Xinhua

# Pantanaw sells 85,000 bags of broken rice to Yangon market in July


Bags of rice being loaded onto a truck.

**Pantanaw August 9**

Up to 85,000 bags of broken rice were sent from Pantanaw Township, Maubin District, Ayeyawady Region to Yangon market in July, said Daw Myint Aye, the owner of a rice wholesale center in Pantanaw Township.

In June, only 55,000 bags of broken rice were sold and the purchase of broken rice from the Yangon market is reported to be strong.

"Broken rice is mainly sent to Yangon from Pantanaw Township. The demand for broken rice bags is significant starting from the first week of July. In July, the demand for broken rice increased. We are constantly selling the broken rice. The bags of broken rice were transported using trucks," she said.

The price of each 24-basket bag of broken rice is 55,000 kyats in the market. The increase in sales and price of broken rice made convenience for rice traders, wholesale dealers, workers and truck owners. KKL

# Chickpea, pigeon pea (red) in good trading at Mandalay market

**Mandalay August 9**

Chickpea and pigeon pea (red) are in good trading at Mandalay bean and sesame market, said U Set Maung Swe, Secretary of Brokers, Merchants and Millers Maha Katheindaw Association (Mandalay commodity centre).

Chickpea and pigeon pea (red) out of pulses and beans, maize and sesame were normal trade at the domestic market. At present, these two kinds of goods are in high demand of merchants.

"In addition to chickpea and pigeon pea (red), wheat, Chinese lablab and other goods in high demand at Mandalay market whereas maize and green gram are in normal trade," he added.

In Mandalay market on 29 July, chickpea (V2) fetched K245,000 per bag, V7 K250,000 TW K233,000 and 929 K237,000.

Likewise, pigeon pea (red) fetched K410,000 per bag on 29 July in Mandalay market.

On 29 July, black sesame got K525,000 per bag, brown sesame 350,000 and white sesame K395,000 per bag.

184


Samples of various beans and pulses displayed at Mandalay commodity center.

# More than 8,000 acres of vegetables thriving in Yinmabin District this monsoon

**Yinmabin August 9**

Statistics of Yinmabin Township Agriculture Department indicated that a total of 8,679 acres of croplands have been placed under vegetables in Yinmabin District of Sagaing Region this year.

Although the district earmarked 19,698 acres of vegetables in monsoon, local farmers from Yinmabin Township planted 2,351 acres of vegetables, Kani Township 4,451 acres, Salingyi Township 922 acres and Pale Township 955 acres, totalling 8,679 acres.

Daw Myat Moe Win, Head of Yinmabin District Agriculture Department said, "We planned to grow more than 10,000 acres of vegetables in Yinmabin District but local farmers so far have planted more than 8,000 acres of crops. They are striving for meeting the target cultivation. Local farmers grow mustard, spicy, potato, cabbage, eggplant, Chinese cabbage and cauliflower. We urge local farmers to grow crops meeting the GAP system with least chemical residue."

In 2024-25 monsoon, Yinmabin Township earmarked 6,027 acres of vegetables, Kani Township, 6,650 acres, Salingyi Township 5,567 acres and Pale Township 1,554 acres, totalling 19,690 acres.

Staff members of relevant agriculture departments conduct training courses for farmers to apply GAP system, produce healthy crops and expand sown acreage of crops.

Local agriculture departments share agricultural techniques with local farmers for thriving crops, prevention of pests, and making natural fertilizers and pesticides.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 2,000 acres of vegetables thriving in Kawlin District

**Kawlin August 9**

According to the statistics of Kawlin District Agriculture Department, a total of 2,046 acres of vegetables have been planted in the district of Sagaing Region this monsoon.

The district earmarked 2,675 acres of vegetables this monsoon. Starting from May this year, Kawlin Township has grown 474 acres of vegetables, Wuntho Township 1,011 acres and Pinlebu Township 561 acres, totalling 2,046 acres.

U Win Thein, Head of Kawlin District Agriculture Department said, "Local farmers have planted 2,046 acres of vegetables against the target of 2,675 acres this monsoon. They grow mustard, chilli, spicy, potato, cabbage, eggplant, Chinese cabbage and cauliflower. Our department educated local farmers to exercise GSP system in growing vegetables so as to reduce chemical residues."

In 2024-25 monsoon season, Kawlin Township earmarked 819 acres of vegetables, Wuntho Township 1,385 acres and Pinlebu Township 471 acres, totalling 2,675 acres.

This year, relevant township agriculture department conducted training courses for local farmers and agricultural staff to have improved capacity, agricultural techniques, and production of healthy and fresh vegetables for consumers. 206


A vegetable plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ရန်သူ့အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကို စွမ်းအားမဲ့စေမည့် Rusak-S FPV ဒရုန်းအသစ် စတင်ထုတ်လုပ်နေ



ရုရှားတပ်ဖွဲ့များသည် အထူးစစ်ဆင်ရေးဇုန်အတွင်း ဒရုန်းများကိုအသုံးပြု၍ ဟောင်ဝစ်ဇာအမြောက်များ၊ တင့်ကားများ၊ သံချပ်ကာယာဉ်များ၊ အတွဲလိုက်ဒုံးကျည်ပစ်လွှတ်မှုစနစ်များအပြင် ကွပ်ကဲမှုအဖွဲ့၊ စောင့်ကြည့်ရေးစခန်းများနှင့် တပ်ဖွဲ့ဝင်များအပါအဝင် ယူကရိန်းတပ်မတော်စွမ်းအားများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံသည် ဉာဏ်ရည်တုနည်းပညာပါရှိသော FPV ဒရုန်းအမျိုးအစားသစ် Rusak-S ကို အမြောက်အမြားစတင်ထုတ်လုပ်နေပြီဟု ဒရုန်းကို တီထွင်ထုတ်လုပ်ခဲ့သည့် Stratim ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ရုရှားနိုင်ငံပိုင် Sputnik သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း အဆိုပါသတင်းဌာနက ဩဂုတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Quadrotor ဒရုန်းအမျိုးအစား Rusak-S FPV သည် Payload အလေးချိန် ၂ ဒသမ ၅ ကီလိုဂရမ်သယ်ဆောင်နိုင်ပြီး အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၅၀၊ အကွာအဝေး ကီလိုမီတာ ၂၀ထိ ပျံသန်းစစ်ဆင်နိုင်သော ကာမီကာဇီဒရုန်းအဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ Rusak-S FPV ဒရုန်းသည် ပစ်မှတ်များကို လွတ်လပ်စွာ ရှာဖွေထောက်လှမ်းနိုင်ပြီး ဦးစားပေးပစ်မှတ်များကို ခွဲခြားစိစစ်ဖော်ထုတ်နိုင်သည်။ အော်ပရေတာဘက်က လုပ်ဆောင်ရန်မှာသက်ဆိုင်ရာပစ်မှတ်ကို ရွေးချယ်ပြီးတိုက်ခိုက်ဖျက်ဆီးရန် ဒရုန်းကို အမိန့်ပေးခြင်းဖြစ်သည်။

ဒရုန်းသည် အကြီးစားနှင့်အလတ်စားတင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် ဘီးတပ်သံချပ်ကာယာဉ်များအပြင် အမြောက်၊ မော်တာ စိန်ပြောင်းများနှင့် ခြေလျင်တပ်ဖွဲ့ဝင်များကို ခြေရာခံထောက်လှမ်းနိုင်ကြောင်း Stratim ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ပစ်မှတ်ကိုရွေးချယ်ပြီးတိုက်ခိုက်ဖျက်ဆီးရန် အမိန့်ပေးသောအခါတွင် Rusak-S သည် နောက်ဆုံးမီတာ ၅၀၀ မှ မီတာ ၁၀၀၀ အတွင်း အလိုအလျောက် ပျံသန်းနိုင်ကာ ရေဒီယိုလှိုင်းဆက်သွယ်မှု ပြင်ပမိုးကုပ်စက်ဝိုင်းလွန်ပစ်မှတ်များကိုထိထိရောက်ရောက် တိုက်ခိုက်နိုင်စွမ်းရှိပြီး ရန်သူ့အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များကို ရှောင်လွှဲနိုင်သည်ဟု သိရသည်။ Rusak-S FPV ဒရုန်းကို အပါးဆုံးသောသံချပ်ကာအလွှာ ရန်သူ့စစ်လက်နက်ကိရိယာများ၏ အပေါ်ပိုင်းကို ထိမှန်ဖျက်ဆီးစေနိုင်သည့် တင့်ဖျက်ပဲ့ထိန်းဒုံးကျည် အမျိုးအစားအဖြစ် Stratim ကုမ္ပဏီက အမွမ်းတင်ထားကြောင်း သိရသည်။

Rusak-S FPV ဒရုန်း၏ ထူးခြားချက်မှာ အလိုအလျောက် တိုက်ပွဲဝင်နိုင်စွမ်းပင်ဖြစ်သည်။ Single-Board Computer တစ်ခုတပ်ဆင်ပေးထားပြီး Flight Controller ကိုထိန်းကျောင်း၍ အလိုအလျောက် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဒရုန်းနှင့်အော်ပရေတာကြား ဆက်သွယ်ရေးပြတ်တောက်သွားပါက Onboard AI ကိုအသုံးပြု၍ အမှီခိုကင်းစွာတိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ထိုအချက်သည် Rusak-S FPV ဒရုန်းကို ခက်ခဲကြမ်းတမ်းသောမြေမျက်နှာသွင်ပြင်တွင်ဖြစ်စေ၊ အီလက်ထရွန်နစ် နှောင့်ယှက်မှုများကြားတွင်ဖြစ်စေ ထိရောက်စွာတိုက်ပွဲဝင်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပစ်မှတ်အချက်အလက်များကို မှတ်သားထားနိုင်သော Neural Network ကွန်ရက်ပေါ်တွင် အခြေခံ လုပ်ဆောင်နိုင်ခြင်းလည်းဖြစ်သည်။ Rusak-S ဒရုန်းတစ်စင်း၏ တန်ဖိုးမှာ အမေရိကန်ထုတ် Javelin တင့်ဖျက်ဒုံးကျည်တစ်စင်း၏ အာရုံခံကိရိယာတန်ဖိုးထက်ပင် နည်းပါးသည့်အတွက် ကုန်ကျစရိတ်သက်သာသော လက်နက်တစ်ခုလည်းဖြစ်သည်။

Leaving Enemy Electronic Warfare Powerless: Meet the New Russian AI Drone Rusak ကို ဘာသာပြန်ဆိုထားပါသည်။

## ဖိလစ်ပိုင်နှင့် ဗီယက်နမ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတုံ့ပြန်သည့်အနေဖြင့် တရုတ် ဒရုန်းတစ်စင်း ဗီယက်နမ်လေပိုင်နက်ကို ဝင်ရောက်



ဖိလစ်ပိုင်နှင့် ဗီယက်နမ် ပူးတွဲ စစ်ရေးလေ့ကျင့်မှု တုံ့ပြန်သည့်အနေဖြင့် တရုတ်တပ်မတော်၏ ဒရုန်းတစ်စင်းသည် ဩဂုတ် ၇ရက်တွင် ဗီယက်နမ်လေပိုင်နက်ဖြစ်သည့် ကမ်းရိုးတန်းတစ်လျှောက် ဝင်ရောက်ပျံသန်းခဲ့ရာ ယခုလအတွင်း ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း ခြေရာခံဆော့ဖ်ဝဲ Flightradar24 ၏ အချက်အလက်များအရ သိရသည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Wing Loong-10 ဒရုန်းသည် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းမှထွက်ခွာပြီး ဗီယက်နမ်နိုင်ငံ လေပိုင်နက်ဖြစ်သည့် သီးသန့်စီးပွားရေးဇုန်(EEZ)အတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက် ကီလိုမီတာ ၈၀၀ ခန့် ဝင်ရောက်ပျံသန်းခဲ့ကာ Phan Rang ပြည်နယ်အနီးတွင် ပြန်လည်လှည့်ထွက်သွားခဲ့ကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ လေကြောင်းပျံသန်းမှုခြေရာခံရေးဆော့ဖ်ဝဲ Flightradar24 ၏အချက်အလက်များအရ အဆိုပါဒရုန်းသည် ခေါ်ဆိုမှုသင်္ကေတ 00CA6181 နှင့် HEX ကုဒ် 783132 ကို အသုံးပြုထားပြီး ဗီယက်နမ်ကမ်းရိုးတန်းအနီး ဩဂုတ် ၂ ရက်က တွေ့ရှိခဲ့သည့် ဒရုန်းနှင့် အတူတူပင်ဖြစ်ကြောင်း၊ အဆိုပါဒရုန်းသည် ဗီယက်နမ်အတွက် အရေးကြီးသော ရေနက်ဆိပ်ကမ်းတစ်ခုဖြစ်သည့် Cam Ranh မြို့မှ ကီလိုမီတာ ၁၆၀ မှ ကီလိုမီတာ ၁၇၀ အကွာတွင် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

EEZ သည် နိုင်ငံတစ်နိုင်ငံ၏ ကမ်းရိုးတန်းမှ ရေမိုင် ၂၀၀ အကွာတွင်ရှိသော ပင်လယ်ပြင်ဧရိယာဖြစ်ပြီး နိုင်ငံတကာလေပိုင်နက်ဟု သတ်မှတ်ခံရလေ့ရှိသော်လည်းတစ်စိတ်တစ်ပိုင်းသည် ဗီယက်နမ်နိုင်ငံ၏ လေကြောင်းသတင်းအချက်အလက်ပေး ဒေသအတွင်း ကျရောက်လျက်ရှိသည်။ ယခုဖြစ်ရပ်သည် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်နှင့် ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဗီယက်နမ်ကမ်းခြေစောင့် သင်္ဘောတစ်စီးလာရောက်လည်ပတ်သည့်အချိန်နှင့် တိုက်ဆိုင်နေကာ တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံနှင့် နယ်မြေအငြင်းပွားမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း မီးမောင်းထိုးပြထားသည်။

WZ-10 ဒရုန်းကို Wing Loong-10၊ Wind Shadow သို့မဟုတ် Cloud Shadow ဟုလည်း အမျိုးမျိုးခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြသည်။ WZ-10 ဒရုန်းသည် တရုတ်နိုင်ငံရှိ Chengdu Aircraft Industry Group က တီထွင်ထုတ်လုပ်ထားသော မြင့်မြင့်နှင့်ကြာကြာပျံ (HALE) ဒရုန်းအမျိုးအစားဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် စတင်မိတ်ဆက်ခဲ့သော အဆိုပါဒရုန်းသည် ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေးတာဝန်အမျိုးမျိုးအတွက် ဒီဇိုင်းထုတ်ထားသည်။ တောင်ပံအလျားမီတာ ၂၀၊ အရှည် ကိုးမီတာနှင့် အမြင့် ၃ ဒသမ ၆၆ မီတာရှိသည်။ WZ-10 ဒရုန်းသည် WP-11C သို့မဟုတ် ZF850 အင်ဂျင်တစ်လုံးတည်းဖြင့် မောင်းနှင်ထားပြီး ၉ ဒသမ ၈ kNကို ပေးစွမ်းနိုင်ကာ ပုံမှန်အမြန်နှုန်း တစ်နာရီ ကီလိုမီတာ ၆၂၀ နှင့် အကွာအဝေး မီတာ ၁၅၀၀၀ ထိ ပျံသန်းနိုင်သည်။ လေထဲတွင် တစ်ဆက်တစ်စပ်တည်း နာရီ ၂၀ ကြာ ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

WZ-10 ဒရုန်းတွင် Blue Arrow ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များ၊ အပေါ့စားခရုဇ်ဒုံးကျည်များ၊ GPS လမ်းညွှန် CS/BBM3 (YL-12) ဗုံးများနှင့် GB-4 တိကျပဲ့ထိန်းဗုံးများအပါအဝင် လက်နက်မျိုးစုံတပ်ဆင်ထားနိုင်ပြီး တိုက်စွမ်းရည်ကို အဆင့်မြှင့်တင်နိုင်သည်။ ထိုသို့ဘက်စုံသုံးနိုင်မှုသည် WZ-10 ဒရုန်းကိုကင်းထောက်ခြင်းနှင့် တိုက်ခိုက်ခြင်းအခန်းကဏ္ဍများအတွက် အရေးပါသော စွမ်းအားစုတစ်ရပ် ဖြစ်လာစေခဲ့သည်။ ဒရုန်းအရေအတွက် အတိအကျ မသိရှိရနိုင်သော်လည်း ၎င်းကိုဖြန့်ကြက်အသုံးပြုလာနိုင်မှုသည် တရုတ်တပ်မတော်အတွက် အဆင့်မြင့်ဒရုန်း နည်းပညာများအပေါ် အလေးပေးထားမှုကို ထင်ဟပ်စေလျက်ရှိသည်။

Chinese UAV Intrudes Vietnamese Airspace in Response to Joint Exercises With Philippines ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၅၂ ဧက စိုက်ပျိုးပြီးစီး



**တန့်ဆည် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၅၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၁၃၅၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၃၅၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံပင်၊ အာလူး၊ ခရမ်း၊ မုန်လာထုပ် စတဲ့ဟင်းသီးဟင်းရွက်သီးနှံတွေ စိုက်ပျိုးတာဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်တောင်သူများကို GAP စနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ်တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုး လာရန်အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပုစွန်အစုံပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ပုစွန်အစုံပိဿာချိန် ၆၉၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ပုစွန်အစုံပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များ ဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



''ဘိုကလေးမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ပုစွန်အစုံပိဿာချိန် ၈၇၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ပုစွန်တွေဝယ်လိုအားကောင်းနေတာကြောင့် တင်ပို့ရောင်းချအားလဲ တက်လာတာပါ။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ တော်တော်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ဒေသကနေ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလဲ အခက်အခဲမရှိပါဘူး'' ဟု ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။ **ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် လွယ်ဆိုင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်းခြင်းပြုလုပ်

**နမ့်စန် ဩဂုတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP အကောင်အထည်ဖော် ဆောင်ရွက်မည့် လွယ်ဆိုင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

နမ့်စန်မြို့နယ် လွယ်ဆိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ပြောပြ၍ သိရသည်။

**သံသာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၉-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၂၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ





**နေပြည်တော် ဩဂုတ် ၉**

နယ်စပ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၂) နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဝင်းအတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လျှိုပိတ်ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်အကောင် ၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်းကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်နှင့် မကျည်းပင် ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးပြီး ယခုနှစ်၏ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ယခင်နှစ်များက စိုက်ပျိုးထားရှိသည့် ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် သေဆုံးမှုများအတွက် ပြန်လည်အစားထိုး စိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ကျောင်းများတွင်လည်း ယခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက်ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ယခုနှစ် မိုးရာသီကာလအတွင်း ပထမအကြိမ်၌ အပင် ၁၂၇၀၀၊ဒုတိယအကြိမ်၌ ၉၉၅၂ ပင် နှင့် ယခုတတိယအကြိမ်၌ ၁၀၇၀၈ ပင် စုစုပေါင်း သစ်ပင် ၃၃၃၆၀ တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ထိန်းသိမ်းပြုစုဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်သတင်းမှန်များထုတ်လွှင့်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်သတင်းမှန်များ ထုတ်လွှင့်နိုင်ရေး၊အိန္ဒိယနိုင်ငံအကူအညီဖြင့် တည်ဆောက်မည့် စာဆိုဗိမာန်အဆောက်အအုံကို စက်တင်ဘာလတွင် မင်္ဂလာပန္နက်တင်နိုင်ရေး၊ စီးပွားရေးကဏ္ဍ၊ ခရီးသွားမြှင့်တင်ရေးကဏ္ဍ၊ စာပေနှင့် ယဉ်ကျေးမှုကဏ္ဍများတွင်အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုတိုးမြှင့်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur အား လက်ခံတွေ့ဆုံစဉ်။



# ဆန်၊ ပဲ၊ ပြောင်း၊ ရေထွက်ပစ္စည်း၊ ရော်ဘာနှင့် ကုန်ထုတ်ပစ္စည်းအစရှိသည့် ပို့ကုန်များကို လအလိုက်တင်ပို့ရန် သတ်မှတ်လျာထားချက်အတိုင်းပြည့်မီကျော်လွန်စွာ တင်ပို့သွားရန်လို

**နေပြည်တော် ဩဂုတ် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ပို့ကုန်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ ပြန်ထောင်စုဝန်ကြီးက ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ချက်ကို နိုင်ငံတော်က ဩဂုတ် ၈ ရက်တွင် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သဖြင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေးကို ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ဆန်၊ ပဲ၊ ပြောင်း၊ ရေထွက်ပစ္စည်း၊ ရော်ဘာနှင့် ကုန်ထုတ်ပစ္စည်းအစရှိသည့် ပို့ကုန်များကိုလအလိုက်တင်ပို့ရန် လျာထားသတ်မှတ်ပြီးဖြစ်၍ သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ တင်ပို့သွားရန်လိုကြောင်း။




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇူလိုင် ၂၉ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄) တွင် "ယခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်ခဲ့မှုများရှိသကဲ့သို့ နယ်စပ်ဒေသမှလည်း ကုန်သွယ်မှုများဆောင်ရွက်ခဲ့ပြီး ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာရှိခဲ့ကြောင်း၊ သို့သော် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများရှိနေသည်ကိုလည်း နေ့စဉ်သိရှိနေရကြောင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေလျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်၍ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း"ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လမ်းညွှန်မှာကြားချက်များနှင့်အညီ ကုန်သွယ်မှုနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြင့် အလေးထားဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးကို တိုးတက်အောင် ကြိုးစားဆောင်ရွက်ရန် ထပ်လောင်းတိုက်တွန်းလိုပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပို့ကုန်လုပ်ငန်းရှင်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်၏ပြည်သူ့ဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများဖွံ့ဖြိုးတိုးတက်လာစေရေး ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနက နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်များ ဖိတ်ကြား၍ နိုင်ငံတော်၏ ပြည်သူ့ဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI) ဆိုင်ရာ အခြေခံအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံးသည် စီးပွားရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘာသာရပ်များကို အသုံးချကာ ပြည်သူ့ဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများဖွံ့ဖြိုးတိုးတက်လာစေရေး ဦးတည်ဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI)နှင့် ဆက်စပ်ဆောင်ရွက်နိုင်မှုကို သိရှိနားလည်ထားရန်လိုအပ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဖြစ်ပေါ်တိုးတက်မှုစနစ်သည် အဓိကအားဖြင့် လူသားများ၏ လိုအပ်ချက်ဖြစ်သော စားဝတ်နေရေး ဖြည့်ဆည်းနိုင်ရေးအတွက်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုသွင်းအားစုများဖြစ်သည့် မြေယာ၊ လုပ်သား၊ အရင်းအနှီးများဖြင့် သမားရိုးကျထုတ်လုပ်မှုမှ နောက်ပိုင်းတွင် စွန့်ထွင်ဦးစီးမှုထည့်သွင်းလာကြပြီး အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာခဲ့ကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်ကချမှတ်ထားသောလုပ်ငန်းစဉ်များနှင့် ဒစ်ဂျစ်တယ်နည်းပညာသစ်များ၏ လျင်မြန်စွာပြောင်းလဲမှုတို့ လိုက်လျောညီထွေရှိစေရန် ''Myanmar e-Governance Master Plan 2030'' ကိုရေးဆွဲထားပြီးဖြစ်သည့်အပြင် ဉာဏ်ရည်တု(AI) AI Usage Policy ကိုလည်း ရေးဆွဲလျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပို့ချသည့် AI နည်းပညာဆိုင်ရာ အခြေခံအသိပညာများသည် ဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသည့် e-Government မှ Digital Government သို့ ပြောင်းလဲရေးတွင် အထူးအရေးပါပြီး တန်ဖိုးရှိသည့်အတွက် တက်ရောက်သူများက သေချာစွာလေ့လာကြစေလိုကြောင်းနှင့် ယနေ့သိရှိရသော AI နည်းပညာဆိုင်ရာအသိပညာများဖြင့် ဝန်ကြီးဌာန၏ e-Government သို့ အသွင်ကူးပြောင်းရေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းဆွေးနွေးပွဲကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နေပြည်တော်နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်က ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI) ဆိုင်ရာ သိရှိထားသင့်သည့် အခြေခံအကြောင်းအရာများ၊ ဉာဏ်ရည်တုနည်းပညာ(AI)နှင့် ကျင့်ဝတ်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအဆိုပြုချက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကြိုတင်ခန့်မှန်းနိုင်ခြင်း၊ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ အပါအဝင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးလုပ်ငန်းများတွင် AI နည်းပညာဖြင့် ပံ့ပိုးပေးနိုင်မှုအကြောင်းအရာများနှင့် အနာဂတ် AI ဆိုင်ရာအသိပညာများကို မျှဝေဆွေးနွေးခဲ့ပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခဒေါက်တာခင်မာစိုးက AI နည်းပညာဆိုင်ရာအကြောင်း၊ သုတေသနများတွင် အသုံးဝင်မှုများ၊ ကောင်းကျိုးများ၊ risks နှင့် အန္တရာယ်ရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့်သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်း၊အမှုထမ်းများတက်ရောက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများက Online ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇/၂၀၂၃)သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇/၂၀၂၃) ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးသည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်းသက်ပိုင်ဖြိုး၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်၊အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းရဲနိုင်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းသက်ပိုင်ဖြိုး၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်တို့ကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရဲချုပ်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းနှင့် ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇)ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား ၂၁၇ ဦး၊ တပ်တွင်းဘွဲ့ရအမျိုးသမီး ၁၂၉ ဦး စုစုပေါင်း ၃၄၆ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# စနစ်တကျဆွတ်ခူးထွက်ရှိလာသောဝါများ ဈေးကောင်းရရှိရေး၊ ဈေးကွက်သေချာစွာရရှိရေး အစိုးရနှင့်ပုဂ္ဂလိကချည်စက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပဲ့ကန်ကျေးရွာ၌ ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ပဲ့ကန်ကျေးရွာရှိ အလင်းရောင်လယ်ယာနှင့် အထွေထွေစီးပွားသမဝါယမအသင်း၌ ကျင်းပသည့် ဝါစိုက်အသင်းသား တောင်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ နိုင်ငံအတွင်းရှိပြည်သူများ အဝတ်အထည်များ ဖူလုံရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်မှုမှာ အလွန်အရေးကြီးပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ထွက်ရှိလာသောဝါမှာ နိုင်ငံအတွင်းချည်လိုအပ်ချက်အတွက် ပြည့်မီသည်ကိုတွေ့ရှိရသော်လည်း ချည်နှင့်အထည်များကို ပြည်ပမှ တင်သွင်းမှာယူနေရသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထွက်ရှိသောဝါဂွမ်းများကို ကုန်ကြမ်းအနေဖြင့်သာ ပြည်ပသို့တင်ပို့ရောင်းချနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌သာ ချည်ဖြစ်သည်ထိ ထုတ်လုပ်ရန်အတွက် လိုအပ်သောနည်းပညာ၊ စက်ပစ္စည်း၊အရင်းအနှီးများကို ပံ့ပိုးပေးပြီး Value Added အဖြစ် ချည်ဖြစ်သည်ထိ ဆောင်ရွက်ရန် လိုအပ်ကြောင်း။



ဝါစိုက်တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေအရည်အသွေးကောင်းမွန်ရန် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ဝါခူးဆွတ်ချိန်တွင်လည်း အရည်အသွေး၊ အမျိုးအစား Grade A,B,C အဆင့်ဆင့်ရှိသည့်အနက်သတ်မှတ်အရည်အသွေးနှင့်ပေါက်ဈေးနှုန်းကို တောင်သူကြီးများသိရှိအောင် တာဝန်ရှိသူအဆင့်ဆင့်က အသိပညာပေးရန်လိုအပ်ကြောင်း၊ စနစ်တကျဆွတ်ခူးထွက်ရှိလာသော ဝါများဈေးကောင်းရရှိရေး၊ ဈေးကွက်သေချာစွာရရှိရေး အစိုးရနှင့် ပုဂ္ဂလိကချည်စက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တောင်သူအသိပညာပေး လုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မိုးကြိုဝါစိုက်ခင်းများတွင် ဝါဆွတ်ခူးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ် ဆည်ကန်ဝါစက်ရုံနှင့် မန်းရတနာဝါဂွမ်းနှင့် ဝါမျိုးစေ့ရောင်းဝယ်ရေးစက်ရုံတို့သို့ ရောက်ရှိပြီး ဝါဖန်စက်များဖြင့် ဝါဂွမ်းအထုပ်များ ထုတ်လုပ်နေမှုများနှင့် ဝါစေ့မှဝါစေ့ဆီကြိတ်ခွဲဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝါစေ့မှဝါစေ့ဆီကြိတ်ခွဲနိုင်မှုကြောင့် စားသုံးဆီအပြင် တိရစ္ဆာန်အစာအတွက် ဝါဖတ်များကိုပါ ရရှိခြင်းကြောင့် များစွာအကျိုးရှိပါကြောင်း၊ ဝါစိုက်ဧကအပေါ်အခြေခံ၍ ကုန်ကြမ်းရရှိမှုအပေါ်မူတည်ကာ ဝါဖန်စက်များထပ်မံလိုအပ်မှု ရှိ၊ မရှိတင်ပြပေးရန်နှင့်ထပ်မံလိုအပ်သောစက်များကို ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်နိုင်သည့်အတွက် တိုးချဲ့ဆောင်ရွက်လိုပါက ဆောင်ရွက်မည့်အစီအစဉ်များ ပြန်လည်တင်ပြကြရန် လိုအပ်ကြောင်းပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရမည်းသင်းခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ တီဘီအယ်လ်ကုမ္ပဏီလီမိတက်၏ ဝါ၊ နေကြာ၊ နှမ်း၊ စပါးမျိုးစေ့များနှင့် အခြားသီးနှံမျိုးစေ့များထုတ်လုပ်နေမှု၊ စမ်းသပ်စိုက်ပျိုးထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် လိုအပ်သောဒေသများသို့ သမဝါယမအသင်းများဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ရှေ့ဖုံးမှအဆက်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကောင်စီအဖွဲ့ဝင် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးနောက် တတိယအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယခင်နှစ် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတစ်အဝန်းဖြစ်ပေါ်ခဲ့သည့် ယာဉ်တိုက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးပြီး ယခုနှစ်စီမံဆောင်ရွက်သင့်သည့် အချက်များ၊ ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် မြန်မာနိုင်ငံ၏ National Road Safety Action Plan(2021–2030) လုပ်ငန်းစီမံချက်ပါ အဓိကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက်ခြည်မပြတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ယခင်နှစ်အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ယခင်နှစ်များထက် ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးပမ်းသွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်ချမှတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၌ ရေရှည်အထောက်အကူပြု လွှမ်းခြုံဆောင်ရွက်နိုင်စေရေးအတွက်မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၃၀) ကို ကဏ္ဍကြီး(၈) ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခုတို့ဖြင့် ရေးသားပြုစုချမှတ်ထားပြီးဖြစ်ပါကြောင်း၊ NRSC က ချမှတ်ထားသည့် Quick Win အစီအမံ(၅)ရပ်နှင့် လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၃၀)တို့သည် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးမဏ္ဍိုင်ကြီး ငါးရပ်ဖြစ်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်မှု (Road Safety Management)၊ ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု(Safer Road and Mobility)၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ (Safer Vehicles)၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများ(Safer Road Users) နှင့် ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု (Post-Crash Response) တို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုထားသည့် Global Road Safety Plan ပါ VoluntaryTargets (၁၂)ချက်ကိုပါ အခြေခံ၍ ပြုစုရေးဆွဲချမှတ်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကောင်စီများအနေဖြင့် လုပ်ငန်း Guidelines သဖွယ်ဖြစ်သည့် Quick Win အစီအမံများနှင့် Action Plan ပါ ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်များကို အထူးအလေးထား ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် (National Road Safety Action Plan) (2021 – 2030)ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက် လုပ်ငန်းစဉ်များနှင့် Quick Win အစီအမံ(၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၂၃ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာနှင့် Global Status Report on Road Safety (2023)ပါ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု လေ့လာတင်ပြချက်များကို သုံးသပ်လျက် ကမ္ဘာတစ်ဝန်းယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၀၁၈ ခုနှစ်နောက်ပိုင်း ကျဆင်းလာသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ၂၀၁၇ ခုနှစ် နောက်ပိုင်းမှစ၍ နှစ်စဉ်ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း၊ လူဦးရေတစ်သိန်းလျှင်ယာဉ်တိုက်မှုကြောင့် သေဆုံးမှုကြိမ်နှုန်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၅ ဦးနှုန်းထိ ကျဆင်းခဲ့ပြီး မြန်မာနိုင်ငံ၌ ၅ ဒသမ ၇၁ ဦး နှုန်းထိ ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း နှစ်ဘီး၊ သုံးဘီးတပ်ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၁ ရာခိုင်နှုန်းသာ ရှိသော်လည်း အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ၌ ၄၅ ရာခိုင်နှုန်း ရှိနေကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ပထမ ၁၀ စုနှစ်ဖြစ်သော ၂၀၁၁ မှ ၂၀၂၀ ပြည့်နှစ်ထိ ကာလအတွင်း ရည်မှန်းချက်ဖြစ်သည့် တွက်ချက်မှုအခြေခံနှစ် ၂၀၁၀ ပြည့်နှစ်၏ ယာဉ်တိုက်ဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရမှုနှုန်းကို ၂၀၂၀ ပြည့်နှစ်တွင် ၅၀ ရာခိုင်နှုန်းထိ လျှော့ချရေးရည်မှန်းချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံ ၁၀ နိုင်ငံသာရှိပြီး မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံအများစုမှာ ပြည့်မီအောင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ Five Key Risk Factors နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်မကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက်လုပ်ငန်းဆောင်ရွက်ချက်များနှင့် NRSC ၏ ဒုတိယအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက NRSC ၏ ဒုတိယအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် Quick Win အစီအမံ(၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ယာဉ်စည်းကမ်းလမ်းစည်းကမ်းဖောက်ဖျက်မှု၊ စနစ်တကျစောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများကို အသိပညာပေးမှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များကို ပြည်သူများသိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်ထားရှိမှု၊ ရှေးဦးပြုစုခြင်း သင်တန်းများဖွင့်လှစ်ပေးမှုနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်မှု၊ လမ်းညွှန်၊ လမ်းအမှတ်သားနှင့် အချက်ပြများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံစဉ်။

# (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၉**

(၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်ထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ National Convention Center ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံကျန်းမာရေးဝန်ကြီးများ၏ အာဆီယံကျန်းမာရေးကဏ္ဍလုပ်ငန်းများ သုံးသပ်ခြင်းနှင့် ၂၀၂၅ အလွန် ကျန်းမာရေးကဏ္ဍဦးစားပေးအစီအစဉ်များ သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ကြီးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုသည် ကျန်းမာရေးအရေးပေါ်အခြေအနေများတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည်လည်းကောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည်လည်းကောင်း အလွန်အရေးကြီးသည်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း၊ ကပ်ရောဂါကာလအစပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့သော်လည်း မိတ်ဆွေနိုင်ငံများ၏ပူးပေါင်းကူညီပံ့ပိုးမှု၊ ပြည်တွင်းမှ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။



အလားတူ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထု၏ ပူးပေါင်းမှုဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကာကွယ်ဆေးလုံးဝထိုးနှံနိုင်ခြင်းမရှိခဲ့သည့် ကလေးငယ်များကို သုံးဆခန့် လျှော့ချနိုင်ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀၂၂-၂၃) အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်မှုများကို အသိအမှတ်ပြုမှတ်တမ်းတင်ထုတ်ပြန်ထားကြောင်း၊ ဆက်လက်၍ ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအစည်းအဝေးတို့သို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် H. E. Mr. Ajman Bin Haji Meludin ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့တွင် ဩဂုတ် ၅ ရက်မှ ၇ ရက်ထိ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး၊ (၇) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဆိုင်ရာ ဖိုရမ်တို့သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ဩဂုတ် ၅ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပသည့် “အနာဂတ်တွင် အာဆီယံနိုင်ငံ့ဝန်ထမ်းကဏ္ဍ ခိုင်မာအားကောင်းရေးနှင့် အံဝင်ခွင်ကျဖြစ်စေ ရေး’’ "Strengthen-ing ASEAN Public Sector : Fit for the Future" အစည်းအဝေးများကိုလည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် ကျင်းပသည့် ကောင်းမွန်သောအုပ်ချုပ်မှုဆိုင်ရာ ဖိုရမ် "Revolutionizing the Public Sector: Artificial Intelligence for Good Governance" ကိုလည်းကောင်း တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးများ၌ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၅) နှင့် အာဆီယံအပေါင်းသုံး နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅)အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးအတည်ပြုခြင်း၊ အခြားဆက်စပ်အစည်းအဝေးများတွင် ACCSM ကဏ္ဍအတွက် အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံက အဆိုပြုထားသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် အလုပ်နှင့် ဘဝ ဟန်ချက်ညီမှုရှိစေရေး ဝန်ထမ်းများ၏ ကိုယ်စိတ်ကျန်းမာရေးအပေါ် အစိုးရ၏ မဟာဗျူဟာများ ခိုင်မာအားကောင်းရေးဆိုင်ရာ အာဆီယံထုတ်ပြန်ချက်အပေါ် ဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍလုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) ရေးဆွဲရေးအတွက် လုပ်ငန်းစဉ်များတင်ပြခြင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံသို့ (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းအကြီးအကဲက ၂၀၂၄-၂၀၂၆ ကာလအတွင်း ၎င်းတို့တာဝန်ယူဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာအစည်းအဝေးများနှင့် ဆက်စပ်လုပ်ငန်းစဉ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင္ဂကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များအသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အင္ဂကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊စာသားနှင့်စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ နှစ်အုပ်၊ ပုံနှိပ်ဆဲမှာ ခြောက်အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာအုပ်ရေ ၂၀ ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀(ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး)သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂၄၀၆၁၁၂၊ ၀၉ ၄၂၀၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

နေပြည်တော် ဩဂုတ် ၉

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့်ရပ်ကွက်အတွင်းသို့ ရှေ့တိုက်ဒုံးများ၊လက်နက်ကြီးများနှင့် Drone များဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime)မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့်ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းကို မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့်ကိုးကန့်တိုင်းရင်းသားမိသားစုများက သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားများ၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်

၁။ MNDAAအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ပြန်လည်ဝင်ရောက်လာခြင်းသည် Onlineလောင်းကစား(ကျားဖြန့်)လိမ်လည်မှုလုပ်ငန်းများကို တိုက်ဖျက်ရှင်းလင်းရေးနှင့် ကိုးကန့်ကျေးလက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအဆင်ပြေစေရန် ဆောင်ရွက်မည့်အကြောင်း MNDAAအဖွဲ့၏ ကြေညာချက်ထုတ်ပြန်ထားရှိခြင်းကို ကြားသိခဲ့ရပါသည်။

၂။ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် MNDAAအဖွဲ့သည် နယ်မြေကျူးကျော်စစ်ဆင် အကြမ်းဖက်သည့်လုပ်ရပ်များကို အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါဝင်လျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေ၍ လားရှိုးမြို့အတွင်း တိုက်ပွဲများဖောင်ဆောင်ပြီး စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Droneများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေသော အပြစ်မဲ့ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူကြီးနှင့် ကလေးငယ်များ သေဆုံးခဲ့ရပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ယခုအချိန်အခါတွင် ထောင်ပေါင်းများစွာသော ဒေသခံတိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည်စွာ စုဆောင်းရှာဖွေခဲ့ရသည့် နေအိမ်စည်းစိမ်ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ အခြားမြို့များသို့ နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့်ဘဝကို နေ့စဉ်နှင့်အမျှ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ် တွေ့မြင်နေရပါသည်။ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ(လုံးဝ)ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ ၁၉၆၇ ခုနှစ်နောက်ပိုင်း ကိုးကန့်ဒေသနယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် အချို့သောကိုးကန့်တိုင်းရင်းသား မိသားစုများသည် အေးချမ်းတည်ငြိမ်မှုရှိသော လားရှိုး၊ မန္တလေး၊ ရန်ကုန်စသည့် အခြားမြို့များတွင် နှစ်ပေါင်းများစွာကတည်းက ရောက်ရှိနေထိုင်လျက်ရှိပါသည်။ အခြားသောတိုင်းရင်းသားမိသားစုများနှင့်အတူ သာရေး၊ နာရေး၊ လူမှုရေးအသင်းအဖွဲ့များတွင် အတူတကွပါဝင်ကူညီလျက်ရှိပြီး အမျိုးဘာသာ၊ သာသနာနှင့် လူမှုရေးကိစ္စအဝဝတွင် လူမျိုးမရွေး၊ ဘာသာမရွေး တတ်စွမ်းသမျှကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ မည်သည့်နိုင်ငံရေးအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာရှိရှိအစဉ်အမြဲခံယူပြီး ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အမြန်ဆုံးအေးချမ်းပါစေ။

**ဗုဒ္ဓဘာသာကိုးကန့်ဓမ္မာရုံ**
**ကိုးကန့်တိုင်းရင်းသားမိသားစုများ**
**မန္တလေးမြို့**

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနား ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

အကြိမ် (၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုရရှိသူများစာရင်းကို ဇွန် ၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါဆုရရှိသူများအား ချီးမြှင့်မည့်အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ ဆုချီးမြှင့်ခံရသူများကို အခမ်းအနားတက်ရောက်ရန် နှိုးဆော်ထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း ၀၁- ၈၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ❑ ကိုဗစ်ချေးငွေမှ

ကိုဗစ်- ၁၉ ရန်ပုံငွေမှချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်းအမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

### ☆ စစ်တုရင်ပြိုင်ပွဲမှ

အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲများကို စတင်ကျင်းပရာ အမျိုးသားပွဲစဉ်နှင့် အမျိုးသမီးပွဲစဉ်များကိုဆွစ်စနစ်ဖြင့် ပတ်လည် ငါးချီစီယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသားပွဲစဉ်၌ ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်ကလည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင်ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်ကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့်တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Automotive Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် IM-LS7 နှင့် IM-LS6 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X၊ NETA V နှင့် NETA AYA အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Yaung Ni Oo Automobile Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DFSK Mini EV အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဘင်းမ်စတက် စီးပွားရေးထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ် ၆ ရက်မှ ၈ ရက်ထိကျင်းပသည့် ဘင်းမ်စတက် စီးပွားရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။



အဆိုပါဘင်းမ်စတက် စီးပွားရေး ထိပ်သီးအစည်းအဝေးကို ပိုမိုကောင်းမွန်သောကုန်သွယ်မှုနှင့် စီးပွားရေးအလားအလာများအတွက် မဟာဗျူဟာမြောက်ပေါင်းစည်းနိုင်ရေး ဆွေးနွေးရန်နှင့် စီးပွားရေးအတွက် လွတ်လပ်ပြီး လွယ်ကူချောမွေ့သောပတ်ဝန်းကျင်ကို ဖန်တီးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် ညနေ ၆ နာရီတွင် နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ကျင်းပခဲ့ရာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Pabitra Margherita က တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဘင်းမ်စတက် စီးပွားရေးဝန်ကြီးများအဆင့် မျက်နှာစုံညီအစည်းအဝေးကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များဖြစ်သည့် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာပိုင်ရတ်ရှ်ဂိုရယ်လ်၊ နီပေါနိုင်ငံ စက်မှု၊ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဒါမိုဒါဘန်ဒါရီ၊ ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး မစ္စတာဆူချာ့တ်ချုံကလင်း၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာအင်ဒရာမာနီပန်နေး၊ ဘူတန်နိုင်ငံ စက်မှု၊ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင်ဝန်ကြီးဌာန စက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာချိုင်းမ်ရှုရင်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mrs. Kshenuka Senewiratne နှင့် အိန္ဒိယစက်မှုလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာ ဆန်ဂျီးဗ်ပူရီနှင့် ညွှန်ကြားရေးမှူးချုပ် မစ္စတာချန်ဒ္ဒါဂျီဘန်နားဂျီတို့နှင့်အတူ ဒုတိယဝန်ကြီး ဦးမင်းမင်းတို့က ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေးအတွက် အမှာစကားများပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် လက်ရှိ ကမ္ဘာ့စီးပွားရေးနှင့်နိုင်ငံရေးရာ မရေရာမှုများကြောင့် အခက်အခဲများ ကြုံတွေ့နေရသည့်အချိန်တွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယင်းစိန်ခေါ်မှုအခက်အခဲများကို အခွင့်အလမ်းများအဖြစ် ရင်ဆိုင်ကျော်ဖြတ်နိုင်ရေးမှာ အရေးကြီးပါကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ကာကွယ်ရေးမူဝါဒ၊ ရာသီဥတုဆိုင်ရာကိစ္စရပ်များနှင့် စွမ်းအင်လုံခြုံရေးစသော စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည့် ယနေ့ခေတ်ကြီးတွင် ဒေသတွင်းပေါင်းစည်းမှုသည် ရွေးချယ်စရာမဟုတ်တော့ဘဲ အမျိုးသားမူဝါဒတစ်ခု၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်သည် ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေး လိုအပ်နေချိန်ဖြစ်ပြီး ယင်းကိုအပြီးသတ်ဆောင်ရွက်နိုင်ရန်အတွက် အရှိန်မြှင့်လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘင်းမ်စတက်၏စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍတွင် ဦးဆောင်နိုင်ငံအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်၏ အစောပိုင်းနိုင်ငံတကာ အသွင်ကူးပြောင်းရေး၏ အလားအလာရှိသော ရလဒ်အချို့ဖြစ်သည့် စီးပွားရေးကွဲပြားမှု၊ စီးပွားရေးတိုးတက်မှုနှင့် စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို အဓိကထား ဆွေးနွေးပြောကြားခဲ့သည်။

ယခုကျင်းပသည့် ဘင်းမ်စတက် စီးပွားရေးထိပ်သီးဆွေးနွေးပွဲသည် ကဏ္ဍကြီး ငါးခုနှင့် နိုင်ငံအလိုက်ဆွေးနွေးပွဲများဖြင့် ကျင်းပခြင်းဖြစ်ပြီး တောင်တန်းနှင့် ပင်လယ်ပြင်ဒေသအခြေပြု စီးပွားရေးတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကဏ္ဍ၌ စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ဇော်မြင့်ကလည်းကောင်း၊ ဘင်းမ်စတက်ဒေသတွင်း ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ကဏ္ဍတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)မှ အလုပ်အမှုဆောင်အရာရှိ ဒေါ်လှလှရီကလည်းကောင်း၊ အမျိုးသမီးစီးပွားစွမ်းအားမြှင့်တင်ခြင်းအစီအစဉ်တွင် UMFCCI မှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်ကလည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချောမွေ့သောဂေဟစနစ်ကို ဖန်တီးခြင်းကဏ္ဍတွင် UMFCCI မှ ဗဟိုအလုပ်အမှုဆောင်အရာရှိဦးထွန်းထွန်းနိုင်ကလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းကဏ္ဍတွင် UMFCCI မှ ဗဟိုအလုပ်အမှုဆောင်အရာရှိ ဒေါ်နန်းကလျာဝင်းကလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

ယခုအစည်းအဝေးသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်အပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ ကုန်သည်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မူဝါဒရေးရာလေ့လာရေးအဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက်ကျွမ်းကျင်ပညာရှင်များ စုစုပေါင်းဦးရေ ၅၀၀ ကျော် တက်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲပြုလုပ်



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့တွင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲပြုလုပ်စဉ်။

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အပြစ်မဲ့ အရပ်သားပြည်သူများအပေါ် MNDAA အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့တွင် မြန်မာနိုင်ငံဟဿ ပညာရှင်များ အစည်းအရုံး(ဗဟို)က ဦးဆောင်၍ပြုလုပ်သည်။

ဦးစွာကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲသို့ တက်ရောက်လာကြသူများက "အပြစ်မဲ့အရပ်သားပြည်သူများကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများအား ကန့်ကွက်ရှုတ်ချပါသည်၊" "MNDAAနှင့်ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်သတ်ဖြတ်ခံရသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အပြစ်မဲ့ အရပ်သားပြည်သူများအတွက် ဝမ်းနည်းကြေကွဲရပါသည်၊" "MNDAA အကြမ်းဖက်အဖွဲ့က အပြစ်မဲ့အရပ်သား ပြည်သူ ရာနှင့်ချီ၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော လူမဆန်သည့်လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်၊" "တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာစွန့်၍ တိုက်ပွဲဝင်နေကြသော တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွှတ်ဂုဏ်ပြုပါသည်" စသည့် ဗီနိုင်းများ ကိုင်ဆောင်၍ သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြသည်။

ဆက်လက်၍ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အရပ်သားပြည်သူများအပေါ် လူမဆန်သော ယုတ်မာမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ အကြမ်းဖက်နှိမ်နင်းရေး၊ အကြမ်းဖက်ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် " MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်၊ အပြစ်မဲ့အရပ်သားပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော MNDAA အကြမ်းဖက်အဖွဲ့အား အလိုမရှိ၊ အပြစ်မဲ့ပြည်သူများစွာကို ရက်စက်စွာ သတ်ဖြတ်နေသည့် အကြမ်းဖက်များ အလိုမရှိ၊ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ် နှိမ်နင်းဆောင်ရွက်ပေးရေး ဒို့အရေး၊ ပြည်သူကိုသတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့များ ကျရှုံးပါစေ၊ မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ပြည်ဖျက်မိစ္ဆာတွေကို တိုက်ထုတ်ကြပါစို့" စသည့် ကြွေးကြော်သံများ ကြွေးကြော်ကြပြီး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(မြဝ)

# ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ လေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာကို ဩဂုတ် ၇ ရက်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ လေးဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်ဟု သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းမာပင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်ခဲ့သည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေး ဆောင်ရွက်မှုများကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အဝေးမှပစ်ခတ်တိုက်ခိုက်ခြင်းများ မကြာခဏလုပ်ဆောင်နေပြီး ၎င်းတို့ ပစ်ခတ်သည့် အချို့လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက် ပေါက်ကွဲမှုများရှိခဲ့ကြောင်း သိရှိရသည်။

၎င်းဖြစ်စဉ်များကို တရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင်သတင်းမှားများကို ရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝ)







# ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို အတင်းအဓမ္မ စစ်သားစုဆောင်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခေါ်ဆောင်သွားကြောင်း သတင်းမှားများဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၉**

ထိုင်းနိုင်ငံ ရနောင်ခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းရေးစခန်းမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အတင်းအဓမ္မ စစ်သားစုဆောင်းရန် ခေါ်ဆောင်သွားကြောင်း သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါလွှဲပြောင်းပေးခဲ့သူများကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများက စနစ်တကျလက်ခံဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို အကြောင်းအရာမျိုးစုံဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားကာ လူမှုကွန်ရက်များမှတစ်ဆင့် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝ)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသုံးချခံဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း၂၀၂၃ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Phyo Thu Aung" Face-book အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ ဖြိုးသူအောင်(ခ) ဖြိုးကြီးအား ညနေ ၅ နာရီတွင်လည်းကောင်း၊ "KoSai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက်နေ စိုင်းဇင်မော်အား ည၈ နာရီ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(မြဝ)

## ဩစတြေးလျ၌ ကျက်စားသည့်မျိုးစိတ်တချို့ မျိုးသုဉ်းလုနီးပါးစာရင်းတွင် ပါဝင်လာ



ကင်ဘာရာ ဩဂုတ် ၉

ဩစတြေးလျနိုင်ငံ၌ နေထိုင်ကျက်စားသည့်မျိုးစိတ်တချို့ မျိုးသုဉ်းလုနီးပါးမျိုးစိတ်စာရင်းတွင် ပါဝင်လာကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ၌ ခြိမ်းခြောက်ခံနေရသော မျိုးသုဉ်းလုနီးပါးမျိုးစိတ်စာရင်းတွင် တိရစ္ဆာန်နှင့် အပင်မျိုးစိတ် ၁၃ မျိုးကို ထပ်မံ ထည့်သွင်းခံခဲ့ရသဖြင့် နိုင်ငံ၏ အမျိုးသားသဘာဝထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဥပဒေများကို အမြန်ပြန်လည်ပြင်ဆင်ရေးနှင့် ပတ်သက်ပြီး အစိုးရကို ထပ်မံတောင်းဆိုမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဩစတြေးလျ၏ ခြိမ်းခြောက်ခံနေရသော မျိုးသုဉ်းလုနီးပါးမျိုးစိတ်စာရင်းတွင် ဝက်နာခေါင်းလိပ်၊ ဒဲလ်ဟောက်စ်ီဝီးချ ဖျူးနင်ဂျ်ဖား၊ Coffs Harbor Fontainea သစ်ပင်နှင့် မိုးသစ်တောသစ်ပင်မျိုးစိတ် တချို့အပြင် အခြားမျိုးစိတ်များဖြစ်သော ရေချိုငါးများ၊ အိမ်မြှောင်များ၊ ချုံပင်များ၊ ဒေစီနှင့်သစ်ခွ မျိုးစိတ်များစွာကိုပါ စာရင်းသွင်းခဲ့ကြောင်း သိရသည်။

ဩစတြေးလျတွင် လက်ရှိ ထပ်တိုးလာသော မျိုးစိတ်၁၃မျိုးအပါအဝင် ခြိမ်းခြောက်ခံနေရသည့်မျိုးစိတ် အရေအတွက်သည် ယခုအခါ ၂၂၂၄ ခုထိတိုးလာကြောင်း၊ ထိုသို့ ခြိမ်းခြောက်ခံစာရင်းထဲတွင် တိရစ္ဆာန်များ ထပ်တိုးလာမှုသည် နေထိုင်ရာမျိုးရင်းဒေသများ ပျက်စီးယိုယွင်းမှုကြောင့်ဖြစ်ပြီး နေထိုင်ကျက်စားရာနေရာများ ရှားပါးလာခြင်းက မျိုးသုဉ်းလုနီးပါးမျိုးစိတ်များ တိုးလာမှုကို ပိုမိုဆိုးရွားလာစေကြောင်း ဩစတြေးလျထိန်းသိမ်းစောင့်ရှောက်ရေးဖောင်ဒေးရှင်း (ACF) က ထုတ်ပြန်ခဲ့သည်။

ရာသီဥတုအကျပ်အတည်းက ခြိမ်းခြောက်ခံနေရသော မျိုးသုဉ်းလုနီးပါးမျိုးစိတ်များတိုးလာမှုကို ပိုမိုဆိုးရွားစေကြောင်း၊ ၂၀၁၉နှစ်မှ ၂၀၂၀ပြည့်နှစ်အတွင်း မြင့်တက်လာသော အပူချိန်နှင့်အတူ ဖြစ်ပေါ်လာသည့် တောမီးလောင်ကျွမ်းမှုများသည် မျိုးစိတ်များစွာကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့ကြောင်း ဩစတြေးလျထိန်းသိမ်းစောင့်ရှောက်ရေး ဖောင်ဒေးရှင်း (ACF)က ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : KZ**

## ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်ရှိ သဲမြေကို ကျန်းမာရေးဆိုင်ရာသုတေသနပြုရေး ကနေဒါနိုင်ငံက ရန်ပုံငွေထူထောင်သွားမည်

အော့တဝါ ဩဂုတ် ၉

ကနေဒါနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်များအနီးရှိ သဲမြေများသည် လူသားတို့၏ ကျန်းမာရေးကို ရိုက်ခတ်နိုင်မှုအပေါ် သုတေသနပြုလုပ်ရေး ကနေဒါအစိုးရက သုတေသီများအတွက် ရန်ပုံငွေ ထူထောင်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ရန်ပုံငွေ ထူထောင်ရာတွင် ကနဦး ကနေဒါဒေါ်လာ ၁၂ သန်း မတည်သွားမည်ဖြစ်ပြီး လိုအပ်လျှင် ပြန်လည်ဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်များတွင် ရှိသော သဲမြေများသည် ကနဦးခန့်မှန်း သုံးသပ်ချက်များအရ ကင်ဆာရောဂါများ ဖြစ်ပေါ်စေနိုင်ကြောင်း သုတေသီများက ခန့်မှန်းထားပြီး အချက်အလက်အတိအကျကို သုတေသနရလဒ်များထွက်ပေါ်လာမှသာ သိရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ သုတေသနလုပ်ငန်းများကို ၁၀ နှစ်ကြာ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ရန်ပုံငွေထူထောင်မှုကိုလည်း ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ကွက်တွေဟာ ဌာနေတိုင်းရင်းသား လူမျိုးစုတွေ နေထိုင်တဲ့ဧရိယာတွေမှာ အများဆုံးရှိနေပါတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်အနီးမှာရှိတဲ့ သဲမြေတွေဟာ ဌာနေတိုင်းရင်းသားတွေရဲ့ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်ပါတယ်။ ဘယ်လောက်ထိ ထိခိုက်စေနိုင်သလဲဆိုတာ အတိအကျသိနိုင်ဖို့ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်သွားမယ်။ ဒီအတွက်လဲ ရန်ပုံငွေထူထောင်ပေးသွားမယ်" ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စတီဗင်က ပြောကြားသည်။

**Ref : Russia Today**

**Trs : Sai Sat**

## ၂၀၂၄ ခုနှစ် ဇူလိုင်လသည် ကမ္ဘာ့သက်တမ်းတစ်လျှောက် ဒုတိယမြောက် အပူချိန်အမြင့်ဆုံးလတစ်လ ဖြစ်ခဲ့ကြောင်း CCCS က ထုတ်ပြန်

ဘရပ်ဆဲလ် ဩဂုတ် ၉

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂ၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော CCCS (Copernicus Climate Change Service)က အပူချိန်မြင့်တက်မှုနှင့်ပတ်သက်ပြီး စစ်တမ်းများကောက်ယူခဲ့ရာ ပြီးခဲ့သည့် ဇူလိုင်လသည် ကမ္ဘာ့သက်တမ်းတစ်လျှောက် ဒုတိယမြောက် အပူချိန်အမြင့်ဆုံးသော လတစ်လဖြစ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်ခဲ့ခြင်းဖြစ်ပြီး အပူချိန် အမြင့်ဆုံးပမာဏသို့ မြင့်တက်ခဲ့ကြောင်း၊ မြင့်တက်ခဲ့သော အပူချိန်ပမာဏမှာ ၆၂ ဒသမ ၉ ဒီဂရီဖာရင်ဟိုက်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် ဇူလိုင်လကနေ စတင်ပြီးတော့ အပူချိန်တွေ ဆက်တိုက် မြင့်တက်ခဲ့တယ်။ အယ်နီညိုရာသီဥတုကြောင့် အပူချိန်တွေ ဆက်တိုက်မြင့်တက်ခဲ့တာလဲဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဇူလိုင်လမှာတော့ ကမ္ဘာ့သက်တမ်း တစ်လျှောက် ဒုတိယမြောက် အပူချိန် အမြင့်ဆုံး ပမာဏထိ ရောက်ရှိခဲ့ပါတယ်"ဟု CCCS အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ နီကိုလက်စ်က ပြောကြားခဲ့သည်။



ဩဂုတ်လအတွင်း အပူချိန် အနည်းငယ် ပြန်လည်ကျဆင်းလာနိုင်သော်လည်း နိုင်ငံတချို့တွင် အယ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ အပူချိန်မြင့်တက်ခဲ့သောနေရာများမှာ ဥရောပတိုက်တောင်ဘက်ပိုင်းနှင့် အရှေ့ဘက်ပိုင်းနိုင်ငံများ၊ အမေရိကန်နိုင်ငံ အနောက်ဘက်ခြမ်း၊ ကနေဒါနိုင်ငံ အနောက်ဘက်ခြမ်းတို့ဖြစ်ကြောင်း၊ အာဖရိကတိုက်ရှိ နိုင်ငံ အများစုမှာ အပူချိန်မြင့်တက်မှုနှုန်း အမြင့်ဆုံးဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသများ၊ အာရှတိုက်နှင့် အန္တာတိကအရှေ့ဘက်ပိုင်းရှိ နိုင်ငံများဖြစ်ကြောင်း CCCS က စစ်တမ်းများတွင် ဖော်ပြခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

## အမေရိကန်တွင် အပူလွန်ကဲမှုကြောင့် ကြက်ခြေနီအသင်းအဖွဲ့၌သွေးလှူသူနည်းသဖြင့် အရေးပေါ် သွေးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

ဝါရှင်တန် ဩဂုတ် ၉

အမေရိကန်နိုင်ငံတွင် အပူလွန်ကဲမှုကြောင့် ကြက်ခြေနီအသင်းအဖွဲ့၌သွေးလှူသူနည်းပါးသဖြင့် အရေးပေါ် သွေးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံတွင် အပူချိန်လွန်ကဲမှုကြောင့် ဇူလိုင် ၁ ရက်ကစပြီး တစ်နိုင်ငံလုံး၏ သွေးထောက်ပံ့ပေးနိုင်မှုသည် ၂၅ ရာခိုင်နှုန်းကျော် ကျဆင်းသွားပြီးနောက် ယခုအခါ အရေးပေါ်သွေးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း အမေရိကန်နိုင်ငံ ကြက်ခြေနီအသင်းက ထုတ်ပြန်သွားခဲ့သည်။

ကြက်ခြေနီအဖွဲ့က ပြည်နယ်တိုင်းနီးပါးတွင် စုဆောင်းသိုလှောင်သိမ်းဆည်းထားသည့် သွေးအိတ်အရေအတွက် နည်းပါးလာကြောင်း၊ ဇူလိုင်လက ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်သော အပူချိန်လွန်ကဲမှုကြောင့် သွေးလှူဒါန်းမှုများနည်းပါးလာပြီး သိမ်းဆည်းသိုလှောင်ထားသည့် သွေးများကိုသာ အသုံးပြုနေရသဖြင့် အရေးပေါ် သွေးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ကြောင်း သိရသည်။

ယခုအခါ လှူဒါန်းထားသောသွေးများကို ခွဲစိတ်ကုသမှုနှင့် ကလေးမီးဖွားမှုကဲ့သို့ အရေးပေါ် အသက်ကယ်ဆေး ကုသမှုများတွင် အဓိကအသုံးပြုနေကြောင်း ကြက်ခြေနီအသင်းက ထုတ်ပြန်ခဲ့သည်။

ပြင်းထန်သည့် အပူချိန်ကြောင့် သွေးလှူဒါန်းသူများနည်းပါးလာသည့်အတွက် ကြက်ခြေနီအသင်းအဖွဲ့က သွေးလှူဒါန်းမည့် ပြည်သူများကို ဩဂုတ် ၃၁ ရက်နောက်ဆုံးထား သွေးလှူဒါန်းပေးရန် တိုက်တွန်းထားပြီး လာရောက်သွေးလှူဒါန်းသူများကို အမေဇုန်တွင် ဒေါ်လာ၂၀တန်ဖိုးရှိ ဈေးဝယ်ခွင့် လက်ဆောင်ကတ်ကို ပေးသွားမည်ဖြစ်ကြောင်း ကြက်ခြေနီအသင်းအဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : KZ**

## ဂျပန်နိုင်ငံတွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

တိုကျို ဩဂုတ် ၉

ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းတွင် ဩဂုတ် ၈ ရက်က ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူရှိသည့် မြေငလျင် လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း Japan Meteorological Agency (JMA)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေငလျင်လှုပ်ခတ်မှု ပြင်းအားများခဲ့သော်လည်း ကြီးကြီးမားမား ပျက်စီးမှုမရှိခဲ့ကြောင်း၊ မြေငလျင်လှုပ်ခတ်မှုအပြီးတွင် ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်သွားခဲ့သော်လည်း နာရီပိုင်းအကြာတွင် ဆူနာမီလှိုင်း သတိပေးချက်ကို ပြန်လည်ရုတ်သိမ်းသွားခဲ့ကြောင်း သိရသည်။

"ဩဂုတ် ၈ ရက်မှာ ကျူးရှူးကျွန်းအနီး ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှုအပြီးမှာတော့ ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ပေမဲ့ အခြေအနေပြန်လည်တည်ငြိမ်သွားတဲ့အတွက် ဆူနာမီလှိုင်းသတိပေးချက်ကို ပြန်လည် ရုတ်သိမ်းခဲ့ပါတယ်"ဟု JMA မှ ပြောရေးဆိုခွင့်ရှိသူ ယိုရှီမာဆာက ပြောကြားခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် တာဝန်ရှိသူများက နျူကလီးယားဓာတ်ပေါင်းဖိုများကို သွားရောက်စစ်ဆေးမှုပြုလုပ်ခဲ့ပြီး နျူကလီးယား ဓာတ်ပေါင်းဖိုများတွင် ပျက်စီးမှုမရှိခဲ့ကြောင်း ဂျပန်အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်။

မြေငလျင်လှိုင်းဒဏ်သင့်ခဲ့ရသောအဓိကနေရာများမှာ ကျူးရှူးကျွန်းဖြစ်ပြီး မြေငလျင်လှိုင်းဒဏ်သင့်ဧရိယာအတွင်း နေထိုင်သောဒေသခံများ အထိတ်တလန့်ဖြင့် အမိုးအကာအောက်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

ဝတ္ထုတိုကလျာ

# ဘဝထဲက ဝါကျများ

ညိမ်းညို



(၁)

မောင်ရေချမ်း ကျောင်းမသွားမီ ရေနှစ်ထမ်း ခပ်ပေးခဲ့သည်။ ဝါးပိုးဝါးကို ခြမ်းပြီးလုပ်ထားသည့် ထမ်းပိုးဖြင့် တာယာပုံးအမည်းလေးနှစ်လုံးကို သိုင်းလျှိုကာထမ်းရသည်။ လေးလေးပင်ပင် မရှိလှဘဲ ညွတ်ပွဲညွတ်ပွဲနှင့် အလွန်ထမ်း၍ကောင်း၏။ အမေကြီးက သာခုခေါ်ပြီး ဆုများပေးသည်။ မောင်ရေချမ်းတို့ရပ်ကွက်က ရေရှားသည်။

တောင်ပေါ်ဒေသဆိုတော့ တစ်နေရာနှင့် တစ်နေရာက အတက်အဆင်းများသည်။ ပြန့်ပြန့်ပြူးပြူး မရှိ။ ကိစ္စတော့မရှိပါ။ ကျင့်သားရနေပြီမို့ ရေနှစ်ထမ်းကို မောင်ရေချမ်း အသာကလေးခပ်နိုင်သည်။ တစ်နေ့တာ အချိန်ဇယားအတိုင်း စာအုပ်များစီထည့်ပြီး အမေကြီးကြော်ကျွေးသော ထမင်းကြော်ကို ပူပူလောလောလေးစားသည်။ ပဲရေပွကြော်ကလေးက ဆိမ့်သည်။ မိုးအေးအေးတွင် ငရုတ်သီးပန်ထွေဖျော်က တရှူးရှူးတရှဲရှဲ စားကောင်းလှသည်။ မေမေက သူ့ကုန်စုံဆိုင်လေးကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ခင်းကျင်းလျက်ရှိသည်။

မောင်ရေချမ်း မုန့်ဖိုးနှစ်ဆယ်ရသည်။ တစ်ဆယ်တန်နှစ်ရွက်ဖြစ်၏။ တစ်ရွက်ကို နာနတ်သီးပုံ စုဘူးကြီးထဲ ခေါက်ထည့်လိုက်သည်။ သည်စုဘူးထဲတွင် မောင်ရေချမ်း၏ စက်ဘီးကလေးအိပ်မက်ပျော်နေသည်။ အထက်တန်းကျောင်းသားကြီးမဖြစ်ခင် စက်ဘီးကလေးတစ်စီးဝယ်နိုင်အောင်ရည်ရွယ်ပြီး မောင်ရေချမ်း ပိုက်ဆံစုနေခြင်းဖြစ်သည်။ လက်ပတ်နာရီကလေးကိုလည်း သည်နည်းဖြင့်ပင် မောင်ရေချမ်း စုဆောင်းဝယ်ယူခဲ့ခြင်းဖြစ်သည်။ မေမေကလည်း အားပေးသည်။

"ငါတို့ စာကြည့်တိုက်ကတ် သွားလုပ်ရအောင်"

မုန့်စားကျောင်းဆင်းချိန်တွင် မောင်မောင်က ခေါ်သည်။

"ကတ်မလုပ်လဲ ငှားလို့ရနေတာပဲ"

ကိုလင်းပြောတာလဲ ဟုတ်သား။ သူတို့အားလုံး လေးတန်းထိ ဘာကတ်မှမလုပ်။ ရွှေသွေး၊ မိုးသောက်ပန်း၊ တေဇ အကုန်ငှား၍ရသည်။

"ကတ်လုပ်ထားမှ အခြားစာအုပ်တွေပါ ငှားလို့ရမှာ။ ကတ်မလုပ်ရင် ငါတို့ အရင်ကဖတ်နေကျ ရွှေသွေးတို့၊ မိုးသောက်ပန်းတို့ပဲ ဖတ်လို့ရမှာ"ဟု မောင်မောင်က ရှင်းပြသည်။

"အေးလေ အဲဒါတွေအပြင် နင်တို့က ဘာတွေငှားဖတ်ချင်သေးလို့လဲ"

ယမင်း၏အမေးကို မောင်မောင်က ချက်ချင်း မဖြေသေး။

"နင်တို့မိန်းကလေးတွေ အဲဒါခက်တာပေါ့။ ပုံပြင်စာအုပ်တို့၊ သုတစွယ်စုံတို့၊ ကာတွန်းစာအုပ်တို့ကျ ဘယ်လိုလုပ်မလဲ။ ပြီးတော့ စာကြည့်တိုက်ကတ်က ငါးတန်းမှ စလုပ်ခွင့်ရှိတာနော်။ တော်ကြာ စာကြည့်တိုက်ကတ်မရှိရင် နင့်ကို ငါးတန်းလို့ မထင်တော့ဘဲ နေအုံးမယ်"

"အဲလိုတော့ ဘယ်ဖြစ်မလဲ။ လာ ဟယ် သွားလုပ်ကြမယ်"

ယမင်းက ငါးတန်းလို့ အထင်မခံရမှာကိုတော့ ကြောက်ပုံရသည်။

မောင်ရေချမ်းကတော့ နဂိုကတည်းက စာကြည့်တိုက်ကတ်လုပ်ချင်နေသူမို့ ဘာမှဝင်ပြောမနေတော့။ သည်လိုနှင့် သူတို့သူငယ်ချင်းလေးယောက်သား ကျောင်းစာကြည့်တိုက်သို့ စိတ်တူကိုယ်တူချီတက်ခဲ့ကြသည်။

(၂)

စာကြည့်တိုက်တာဝန်ခံဆရာကြီးက ဦးရွှင်ဟု ခေါ်သည်။ ကိုးတန်းမှ မြန်မာစာဆရာဖြစ်၏။ နဖူးပြောင်ပြောင် မျက်နှာဝိုင်းဝိုင်းနှင့် ပြုံးချိုနေသော မျက်နှာရှိသည်။ ဆရာကြီးတပ်ထားသော မျက်မှန်ကလည်း ဝိုင်းဝိုင်းကလေးဖြစ်သည်။ ကျောင်းသားများ ချစ်ကြ၏။ ဆရာကြီးက စိတ်လည်းရှည်၊ စေတနာလည်းပါသဖြင့် ကျောင်းစာကြည့်တိုက်သည် ပိတ်ချိန်မှတစ်ပါး စည်ကားလှသည်။

စာကြည့်တိုက်ကတ်တစ်ခုလျှင် ငါးကျပ်ကျ၏။ ပတ်စပို့ဓာတ်ပုံလေး ကပ်ရသည်။ ကျောင်းစာကြည့်တိုက်၏ စည်းတံဆိပ်တုံးပါသည်။ လက်မှတ်လည်း ထိုးရ၏။ မောင်ရေချမ်းတို့ အလွန်ပျော်သွားသည်။ စာကြည့်တိုက်စည်းကမ်းများက သိပ်မများပါ။

လစဉ်ကြေး နှစ်ဆယ့်ငါးကျပ် ပုံမှန်သွင်းရမည်။ တစ်ရက်လျှင် တစ်အုပ်ငှားခွင့်ရှိသည်။ စာအုပ်ငှားခ သီးသန့်ထပ်ပေးစရာမလို။ ကြိုက်သလောက်ဖတ်ခွင့်ရှိသည်။ စာအုပ်တစ်အုပ်တည်းကို သုံးရက်ထက် ပိုထားမည်ဆိုလျှင် ဆရာကြီးဦးရွှင်ကို ခွင့်တောင်းပြီးမှသာ ထပ်မံရက်တိုးရမည်။ အစုတ်မပြဲမပျောက်မပျက်အောင် စနစ်တကျဖတ်ရမည်။ အကြောင်းတစ်စုံတစ်ရာကြောင့်ပျက်စီးခဲ့ပါမူလည်း ဆရာကြီးကို ပွင့်ပွင့်လင်းလင်းပြောပြရမည်။ စာကြည့်တိုက်လုပ်အားပေး တစ်ပတ်တိတိ ဆင်းပေးရမည်ဖြစ်ပြီး အလျော်ပေးစရာမလို။

"ငါတို့ လူကြီးနည်းနည်းဖြစ်ပြီနော်"

မောင်မောင်က ကိုပူစီ၊ ဘိုဘိုနှင့်အီးတီ ကာတွန်းစာအုပ်များရွေးရင်း ပြောသည်။

"အေးဟဲ့ ဟုတ်တယ်။ ငါ့ကိုကိုဆီမှာလဲ ဒီလိုကတ်တွေတွေ့တယ်။ ဒီတစ်ခေါက် ကိုကိုပြန်လာရင် ငါ့မှာလဲ စာကြည့်တိုက်ကတ်ရှိတယ်ဆိုတာ ပြရအုံးမယ်"

ယမင်းက ကာတွန်းမြေဇာ၏ ရေမြင်းလေးနှင့် မိနှင်းလေးကို ကောက်ကိုင်သည်။ သူ့ကိုကိုသည် မန္တလေးတက္ကသိုလ်မှ သင်္ချာမေဂျာ ဒုတိယနှစ်ကျောင်းသားဖြစ်၏။ ကျောင်းပိတ်၍ ပြန်လာလျှင် သူတို့လေးယောက်အတွက် ကစားစရာများ၊ စားစရာများ စုံနေအောင်ဝယ်လာတတ်သည်။ သူတို့ကလည်း ကိုကို့ကို ချစ်ကြသည်။ ကိုသီဟကို ကိုကိုဟုပင် သူတို့ ခေါ်ကြလေသည်။

မောင်ရေချမ်းက ဘာမျှဝင်မပြော။ တတိုင်းမွေး ကာတွန်းဂျာနယ်တစ်စောင် ငှားသည်။ ကိုလင်းက ကမ္ဘာကျော် အီစွတ်ပုံပြင်များစာအုပ်ကို ငှားသည်။

"လေးတန်းထိ အရုပ်တွေကြည့်ခဲ့တာ ပျင်းလာပြီ။ စာသီးသန့်လေးပဲ ဖတ်ချင်တယ်ကွာ"

ပြောမဲ့သာပြောရသည်။ ကိုလင်းမျက်လုံးများက သမိန်ပေါသွပ်စာအုပ်အသစ်မှ မခွာနိုင်။ အာတာလွတ်မြို့စားကြီးတို့၊ ညောင်ရမ်းဂွတိုတို့ဆိုတာ ကိုလင်း အသည်းစွဲများ မဟုတ်လား။

(၃)

ဆရာဦးတိုးကို အရိုက်ကြမ်းသည့်ဆရာဟု ဘာကြောင့်နာမည်ကြီးနေရမှန်း မောင်ရေချမ်းတို့ စဉ်းစား၍မရ။ ဆရာ့မျက်နှာသည် တည်သည်မှန်၏။ အပြုံးအရယ်နည်းသည်လည်းမှန်၏။ သို့သော် တစ်ရံတစ်ခါမျှ တပည့်ကျောင်းသားများအပေါ်ရိုက်နက် ဆုံးမနေသည်၊ ကြမ်းတမ်းစွာပြောဆိုဆက်ဆံနေသည်ကို မောင်ရေချမ်းတို့ မတွေ့ဖူးမကြုံဖူး။

လေးတန်းတုန်းက နာမည်ကြားရုံနှင့် ကြိုပြီးကြောက်နေခဲ့ရသော ဆရာဦးတိုးကို ယခုအခါ မောင်ရေချမ်းတို့မှာ မကြောက်သည့်အပြင် ချစ်ပင်ချစ်ခင်နေကြလေပြီ။

"ကိုလင်း၊ လာပါအုံးကွ။ ရေးထားတဲ့ဝါကျလေး တစ်တန်းလုံးကြားအောင် ဖတ်ပြလိုက်ပါအုံး"

ဆရာဦးတိုးက ခေါ်သည်။ ကိုလင်း ရင်ကော့ပြီး ထွက်သွားသည်။ မြန်မာစာအချိန်တွင် ယခုလို ဝါကျဖွဲ့ရသည်ကို ကျောင်းသားများအပျော်ဆုံးဖြစ်သည်။ အိမ်တွင် ကြိုရေးခဲ့စရာမလို။ အတန်းထဲမှာပင် ပြဋ္ဌာန်းစာပါ သင်ခန်းစာထဲမှ ဝေါဟာရ သို့မဟုတ် စကားစုတစ်ခုခုကို ချက်ချင်းအပြိုင်ရေးပြီး ဆရာ့ကို ပြကြရသည်။

ဝါကျများက အမျိုးမျိုးအထွေထွေ။ တစ်ဦးနှင့် တစ်ဦး တူညီမှုမရှိကြ။ မောင်ရေချမ်းတို့ ကျောင်းသားလေးများ၏ ဘဝများကလည်း အဖုံဖုံအပြားပြားကိုး။ မိသားစုမတူ၊ ပတ်ဝန်းကျင်မတူ၊ တွေ့ကြုံကြုံကြသည်များမတူဆိုတော့ သူတို့ရေးဖွဲ့သည့် ဝါကျများကလည်း ဘယ်မှာလာ တစ်ထပ်တည်းတူကြပါတော့မလဲ။ အိမ်တွင် ကြိုမရေးခိုင်းတော့ လူကြီးမိဘများ၏ အတွေးများမပါတော့ဘဲ ကျောင်းသားလေးများ၏ အတွေးအရေးသီးသန့်သာ ဖြစ်ရတော့သည်။

ဆရာဦးတိုးက သူတို့ဝါကျလေးများကို တစူးစိုက်စိုက်ကြည့်သည်။ ဖတ်သည်။ ပြီးလျှင် ပြန်ရှင်းပြသည်။ မီးမောင်းထိုးပြသည်။ သိပ်ကောင်းသောဝါကျများဆိုလျှင် တစ်တန်းလုံးကြားရအောင် ရေးသည့် ကျောင်းသားကိုယ်တိုင် ထွက်ဖတ်ပြရသည်။

သည်တော့ ကိုလင်း ရင်ကော့ပြီပေါ့။

ကိုလင်းက ဆရာကမ်းပေးသောစာအုပ်ကို ယူသည်။ သူရေးထားသောဝါကျလေးကို တွေ့ရသည်။ 'အကျင့်' ဟူသောနေရာတွင် ခဲတံဖြင့် အောက်က မျဉ်းနှစ်ကြောင်းဆွဲထားသည်။ ထိုအကြောင်းအရာကို ဝါကျဖွဲ့ထားသည်ဆိုသည့်သဘော။ စကားဆက်များဖြင့် ဝါကျကို ရှည်ရှည်လေးဖြစ်အောင် ရေးထားနိုင်သဖြင့် ကိုလင်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိသည်။

"ကျွန်တော်သည် မနက်တိုင်း နောက်ကျမှအိပ်ရာထသဖြင့် အန်တီလေး၏ အကျင့်မကောင်းတဲ့ကောင်လေးဟု နေ့တိုင်းပြောတာကို ခံရသော်လည်း အန်တီလေးကို မမုန်းမိပါ"

ကိုလင်း ဖတ်အပြီးတွင် တစ်တန်းလုံးဝိုင်းရယ်ကြသည်။ ရယ်လို့သာ ရယ်ကြသည်။ သူတို့ အားလုံး အနည်းနှင့်အများတော့ အအိပ်ပုပ်ကြသည်သာ။

"ကိုလင်းက ဘယ်အချိန်ထလို့လဲ"

"ခုနစ်နာရီလောက်ဆရာ၊ ကျောင်းပိတ်ရင်တော့ ရှစ်နာရီ၊ ကိုးနာရီလောက်မှ ထတယ်"

"နောက်အကျကြီးတော့မဟုတ်ပါဘူးကွ။ ဒါပေမဲ့ မျက်နှာသစ်တာနဲ့ အဝတ်အစားလဲတာနဲ့ တစ်ခုခု စားမှာနဲ့ဆိုတော့ ကျောင်းသွားချိန်ကပ်သွားမှာပေါ့"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် အမြဲလိုလို ကျောင်းကို အပြေးအလွှားလာရတယ်"

ကိုလင်းအဖြေကို မောင်ရေချမ်းနှင့် မောင်မောင်က အသံတိတ်ထောက်ခံနေသည်။ ကိုလင်းကို စောင့်ရသဖြင့် သူတို့ပါ အပြေးအလွှားကျောင်းလာရသည့်နေ့များ များလှပြီကိုး။

"ကိုလင်းက နည်းနည်းစောထလို့ မရဘူးလား။ ကိုလင်း အန်တီလေးလဲ ကိုလင်းကို မပြောတော့ဘူးပေါ့"

"ဟုတ်ကဲ့ အန်တီလေးက နှိုးစက်ဝယ်ပေးထားပါတယ်"

"ကောင်းသားပဲကွ။ ပထမတစ်ပတ်လောက်တော့ နှိုးစက်ပေးထားပေါ့။ နောက်တော့ အကျင့်ရသွားရင် နှိုးစက်တောင်လိုမယ်မထင်ဘူး"

စာမျက်နှာ ၂၅ သို့ ➤

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၂၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၂၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၂၃၀၀ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၂၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း ပဲမျိုးစုံ ကေ ၄၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၂၉၉ ကေ၊ ပဲတီစိမ်း ၁၇၃၀၅ ကေ၊ ပဲလွမ်း ၃၅၉၇ ကေ၊ ပဲစင်းငုံ ၇၀၂၃ ကေ စုစုပေါင်း ၂၉၂၂၄ ကေဖြစ်ကြောင်း၊ ပဲမျိုးစုံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မတ်ပဲ ၃၀၅၇ ကေ၊ ပဲတီစိမ်း ၂၃၂၄၂ ကေ၊ ပဲလွမ်း ၆၀၀၁ ကေ၊ ပဲစင်းငုံ ၁၀၀၀၁ ကေ စုစုပေါင်း ၄၂၃၀၁ ကေဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်း တို့ကို တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

“ဒါပေမဲ့ဆရာ အန်တီလေးက နှုတ်စက်ပြန်သိမ်းသွားပြီ။ အခု ကျွန်တော့်ဆီမှာ မရှိတော့ဘူး”

ကိုလင်း မျက်နှာငယ်လေးနှင့်ဖြေသည်။ ဆရာဦးတိုးက မျက်မှန်ပေါ်မှ ကျော်ကြည့်သည်။

“ဟေ ဘာဖြစ်လို့လဲ”

“ကျွန်တော်က နှုတ်စက်ပိတ်ပြီး ပြန်ပြန်အိပ်လို့တဲ့။ နှုတ်စက်သံက နားဆူတာပဲ အဖတ်တင်တယ်တဲ့”

ဝိုင်းရယ်ကြပြန်သည်။ ကိုလင်း ရှက်သွားသည်။ သူအအိပ်ပုပ်တာကို တစ်တန်းလုံးသိသွားပြီဟုလည်း တွေးနေမိသည်။ သို့သော် ဆရာ့စကားကြောင့် ကိုလင်း အားတက်သွားသည်။

“ကိုလင်းတို့အရွယ်က ကစားတဲ့အရွယ်၊ ကျန်းမာတဲ့အရွယ်ကိုးကွ။ စားနိုင်မယ်အိပ်နိုင်မယ်။ ဒါအပြစ်မဟုတ်ပါဘူး။ မလိုအပ်ဘဲ ညဉ့်နက်အောင်မနေနဲ့။ ညဦးပိုင်းမှာ စာကြည့်စရာရှိရင် စောစောကြည့်၊ တီဗီတွေ၊ ဗီဒီယိုတွေ ညဉ့်နက်အောင်မကြည့်နဲ့။ စောစောအိပ်ရင် စောစောထနိုင်မယ်။ ကြားလားတပည့်တို့”

ဆရာဦးတိုးက ကိုလင်းကိုပြောနေရာမှ တစ်ခန်းလုံးကိုမေးသည်။ သူတို့အားလုံး ညီညာဖြဖြပြန်ဖြေကြသည်။

“အိပ်ရေးဝရင် စိတ်ကြည်မယ်၊ လန်းဆန်းမယ်၊ စောစောလဲနိုးမယ်၊ မှတ်ဉာဏ်တွေလဲ ကောင်းမယ်။ ဒါနဲ့ ကိုလင်းက အန်တီလေးကို ဘာလို့ မမုန်းတာလဲကွ”

“မမုန်းပါဘူးဆရာ၊ အန်တီလေးက ဆူပဲဆူတာ ကျွန်တော့်အဝတ်အစားတွေဆို အန်တီလေးပဲလျှော်ပေးတာ။ စားဖို့သောက်ဖို့လဲ အန်တီလေးပဲ ပြင်ပေးတာ။ မသိတာတွေကိုလဲ စိတ်ရှည်ရှည်နဲ့ ရှင်းပြတယ်”

ဆရာဦးတိုးက တစ်ခန်းလုံးဘက်သို့လှည့်သည်။ တပည့်များကို ကြင်ကြင်နာနာကြည့်သည်။

“မှတ်ထားတပည့်တို့။ ကိုလင်းလေးက လိမ္မာတယ်။ သူ့မှာ အအိပ်ပုပ်တဲ့ အပြစ်သေးသေးကလေးပဲရှိတယ်။ ကောင်းတဲ့အချက်တွေက အများကြီးရှိတယ်။ သူ့ကို နေ့တိုင်းဆူနေတဲ့ အန်တီလေးကို မမုန်းဘူးတဲ့။ အန်တီလေးက သူ့အပေါ်စောင့်ရှောက်တာတွေကို နားလည်လို့၊ သိတတ်လို့ မမုန်းတာပေါ့။ ဒါကို ဆရာတို့က ကိုယ့်အပေါ်ပြုဖူးတဲ့ သူတစ်ထူးရဲ့ကျေးဇူးကို သိတတ်တယ်လို့ခေါ်တယ်။ အသက်ကြီးတာ၊ ငယ်တာနဲ့မဆိုင်ဘူး။ တစ်ပါးသူရဲ့ကျေးဇူးကို သိတတ်ရမယ်။ ကိုယ်ကလဲ ကျေးဇူးပြုနိုင်တဲ့သူ၊ အကူအညီပေးနိုင်တဲ့သူဖြစ်အောင် ကြိုးစားကြရမယ်”

ကိုလင်း မျက်နှာလေး ပြုံးရွှင်နေသည်။

မောင်ရေချမ်းတို့လည်း ငြိမ်ပြီးနားထောင်နေကြသည်။ တော်ပါသေးရဲ့ ငါတို့အအိပ်ပုပ်တာ အပြစ်မဟုတ်လို့ဟု တွေးမိပြီး သူတို့အားလုံး ပျော်သွားကြသည်။

“မောင်ရေချမ်း”

ဆရာဦးတိုး ခေါ်သည်။ မောင်ရေချမ်း ဆရာ့အနားကိုသွားပြီး စာအုပ်ယူကာ ဖတ်ပြရလေသည်။

“ဘုရားအလောင်းသည် ဒုက္ခစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူ၏"

ဆရာက ကျေနပ်သောအမူအရာဖြင့် ခေါင်းညိတ်ပြသည်။ ‘ဒုက္ခစရိယာ’မဟုတ်ဘဲ ‘ဒုက္ကရစရိယာ’ဟု ရေးရကြောင်း၊ သာမန်ပုဂ္ဂိုလ်တို့ ပြုနိုင်ခဲ၊ ကျင့်နိုင်ခဲသောအကျင့်ကိုဆိုလိုကြောင်း ရှင်းပြပါသည်။

သည်ဝါကျလေးကို ရေးဖွဲ့နိုင်ခြင်းအတွက် မောင်ရေချမ်း ပျော်ပါသည်။ အမေကြီး၏ကျေးဇူးလည်း ပါပါသည်။ ညစဉ်ညတိုင်း ဗုဒ္ဓဖြစ်တော်စဉ်လင်္ကာအဖွဲ့လေးများ ရွတ်ပြလိုက်၊ စကားပြေအသွားဖြင့် နားလည်အောင်ရှင်းပြလိုက်နှင့် အမေကြီး၏သွန်သင်မှုအောက်တွင် နားရည်ဝနေသောကြောင့်လည်း ဖြစ်ပါ၏။

“တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိမာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို”

“ဘုရားအလောင်းတော်သည် တောရပ်မြိုင်အတွင်း ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ပြီး၍ ဘုရားအဖြစ် ပွင့်ချိန်တန်သည့် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ မြင့်မြတ်သောမြေအပြင်ရှိ ပလ္လင်တော်အထက်က ထီးကဲ့သို့ မျက်နှာကြက်ဖြန့်မိုးကာနေသော ဗောဓိညောင်ပင်အောက်တွင် မညည်းမညူ ကြည်လင်ချမ်းမြေ့စွာထိုင်နေတော်မူပါသည်။ ထိုစဉ် ပလ္လင်တော်ကို လိုချင်၍ လာရောက်တိုက်ခိုက်ကြသော မိုက်မဲသူ မာရ်နတ်နှင့် စစ်သည်အပေါင်းကို ပယ်ဖျောက်ကာ အောင်မြင်တော်မူပါသည်။ မိုးသောက်ယံတွင် ဘုရားအဖြစ်သို့ရောက်တော်မူ၍ စကြာဝဠာတစ်သောင်းလုံး ပျံ့နှံ့ကျော်ကြားတော်မူပါသည်။ ဤသို့ ဘုရားဖြစ်လာသည်မှာ လူသုံးပါးတို့ ငြိမ်းအေးဖို့ပင် ဖြစ်ပါသည်”

ဆရာဦးတိုး၏ အခန်းတွင်းဝါကျဖွဲ့စေသည့်သင်ခန်းစာသည် အခြားကျောင်းသားများအတွက်တော့ မပြောတတ်ပါ။ မောင်ရေချမ်းအဖို့မူ ကျေးဇူးကြီးလှပါသည်။

နေရာတိုင်းတွင် ပေါ့ပေါ့ဆဆမနေမိဘဲ သတိမူတတ်သည့် အကျင့်ကောင်းလေးရလာပါသည်။ မြင်ကာမတ္တ ကြားကာမတ္တ မဟုတ်တော့။ မှတ်မှတ်သားသားရှိသည့်အလေ့ဖြစ်လာ၏။ သို့မှသာ အကြောင်းတိုက်ဆိုင်လာသည့်အခါ ဝါကျကောင်းကောင်းလေးများ ရေးဖွဲ့နိုင်မည် မဟုတ်လား။

## လူငယ်တွေရဲ့စွမ်းအား

\- လူငယ်တွေ ရိုးသားလျက်
ကြိုးစားချက် အံ့ဖွယ်ရာ၊
ကဏ္ဍစုံ အရပ်ရပ်
နှံ့စပ်သေချာ၊
ဖွဲ့ လုံ့လ ဝီရိယသာ
အသိ သတိမှာ အသွင်တင့်၊
တန်းတူညီ ရင်ပေါင်တန်းလို့
စွမ်းအားဂုဏ်မြင့်။

\- ရှေ့ရေးကို ရည်မြော်ချင့်
စဉ်သဖြင့် ကြံဆမှု၊
ခက်ခဲတွေ ရင်ဆိုင်နွှဲလို့
အောင်ပွဲတွေထူ၊
ဘယ်ခါမှ မညည်းညူ
အတူတူ လက်ဆင့်ကမ်း၊
အောင်မြင်ရာ နည်းစနစ်နဲ့
ကြီးမြင့်လို့စွမ်း။

\- ပြည်မြန်မာ နယ်တစ်ဝန်း
လန်းဆန်းလျက် ပန်းတွေလို၊
လှကိုယ်စီ ရနံ့သွေးနဲ့
ပျံ့မွှေးကာပို၊
အတ္တမဲ့ ပြုံးချိုချို
မုန်းမသို မေတ္တာခတ်၊
ပေးဆပ်ကာ စွန့်စားလို့
စိတ်ထားမွန်မြတ်။

\- ပြည့်စုံစေ ကောင်းအတတ်နဲ့
ပေါင်းစပ်လို့ အလှဆင်၊
ပြည်မြန်မာ စိမ်းလန်းလျက်
ငြိမ်းချမ်းအစဉ်၊
ခေတ်အဆက်ဆက် သမိုင်းတွင်
လှဂုဏ်အင် စံတင်ထား၊
လူငယ်တွေ ကိုယ်စီကိုယ်င
စွမ်းကြတကား။ ။

ကိုရွှေတောသား(ဆင်ကူး)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ထိပ်တိုက်ရင်ဆိုင်မှုများဖြင့် ဗိုလ်ကျစိုးမိုးရန်ကြိုးပမ်းလာသည့်အမေရိကန်

မကြာသေးမီကအမေရိကန်သည် ဖိလစ်ပိုင်တွင် Typhon တာလတ်ပစ်ဒုံးကျည်စနစ်ကို ဖြန့်ကြက်ပြီး ဥရောပတွင် မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်များကိုဖြန့်ကြက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ကြေညာခဲ့ပါသည်။ ထိုသို့ကြေညာမှုသည် ၂၀၁၉ ခုနှစ်တွင် တာလတ်ပစ်နျူကလီးယားတပ်ဖွဲ့ (Intermediate Nuclear Force–INF) စာချုပ်မှ နုတ်ထွက်ပြီးကတည်းက ၎င်း၏အကျိုးစီးပွားတစ်ခုတည်းကို သာထည့်သွင်းစဉ်းစားပြီး မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ချထားရေးအတွက် ကြီးမားသော ခြေလှမ်းသစ်တစ်ရပ်ကိုအမေရိကန်ကပြသလိုက်ခြင်းပင်ဖြစ်သည်။ မဟာမိတ်များအတွက် ၎င်း၏လုံခြုံရေးကတိကဝတ်များပျက်ယွင်းကာ ကမ္ဘာနှင့်ဒေသတွင်းတည်ငြိမ်မှုကိုပိုမိုထိခိုက်စေသည့် တရုတ်ထိန်းချုပ်ရေးလှုပ်ရှားမှုတွင်ရပ်တည်ရန် လှုံ့ဆော်လာခဲ့ပါသည်။

စစ်အေးတိုက်ပွဲအပြီးတွင် အမေရိကန်နှင့် ဆိုဗီယက်ယူနီယံတို့သည် ၎င်းတို့၏နျူကလီးယားနှင့် သမားရိုးကျမြေပြင်အခြေစိုက် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် အကွာအဝေးကီလိုမီတာ ၅၀၀ မှ ၅၅၀၀ ထိပစ်လွှတ်နိုင်စေရန် ရည်ရွယ်၍ INF စာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။ အမေရိကန်နှင့် ရုရှား (ဆိုဗီယက်ယူနီယံ) ကြားအပြန်အလှန်သဘောတူစာချုပ်ဖြစ်သော်လည်း INF စာချုပ်သည် ကမ္ဘာတစ်ဝန်းအထူးသဖြင့် ဥရောပတွင် နျူကလီးယားဆိုင်ရာ မဟာဗျူဟာတည်ငြိမ်မှုကို ထိန်းသိမ်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ နိုင်ငံတကာလက်နက်ထိန်းချုပ်ရေးသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အဆိုပါစာချုပ်သည် နျူကလီးယားထိပ်ဖူးများ သယ်ဆောင်နိုင်သောလက်နက်အမျိုးအစားအားလုံးကို တားမြစ်ခဲ့ပြီး နျူကလီးယားစစ်ပွဲအတွက် သတ်မှတ်မျဉ်းကိုသိသိသာသာမြှင့်တင်ပေးသည်။ ဤသို့ဖြင့် နျူကလီးယားစစ်ပွဲဖြစ်ပွားမှုကို ဟန့်တားရန်နှင့် မဟာဗျူဟာမြောက်တည်ငြိမ်မှုကိုထိန်းသိမ်းရန် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

နျူကလီးယားမဟာဗျူဟာတည်ငြိမ်မှုကို ထိန်းသိမ်းရာတွင် နျူကလီးယားစူပါပါဝါများအဖြစ် အမေရိကန်နှင့်ရုရှားတို့၏ အထူးအရေးပါသောတာဝန်ကို အဆိုပါစာချုပ်တွင်အလေးပေးဖော်ပြထားသည်။ ထို့ပြင်စာချုပ်သည် ၎င်း၏ဥရောပမဟာမိတ်များအတွက် နျူကလီးယားမဟာဗျူဟာအန္တရာယ်များကိုလျှော့ချရန်နှင့် ဥရောပတည်ငြိမ်ရေးကို ကာကွယ်ရန်အမေရိကန်၏အရေးကြီးသောလုံခြုံရေးကတိကဝတ်ကို ထင်ဟပ်စေသည်။

၂၀၁၄ ခုနှစ်အစောပိုင်းတွင် RAND ကော်ပိုရေးရှင်းအပါအဝင် အမေရိကန်ပညာရှင်များကအာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်၏ မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ချထားရေးကို ထောက်ခံအားပေးကာ တရုတ်ကိုစစ်ရေးအရ ထိန်းချုပ်ရန်ရည်ရွယ်ချက်ဖြင့် အမေရိကန်အာဏာပိုင်များကိုတောင်းဆိုခဲ့သည်။ INF စာချုပ်ကိုလိုက်နာခြင်း၏ လုံခြုံရေးကုန်ကျစရိတ်များကို ချိန်ဆရန်နှင့် စာချုပ်မှနုတ်ထွက်ခြင်းအတွက် စစ်ဘက်ဆိုင်ရာအကျိုးကျေးဇူးများနှင့် သံတမန်ရေးရာစရိတ်စကများကိုချိန်ဆရန်နှင့် သတိရှိရှိဆုံးဖြတ်ချက်ချရန် တောင်းဆိုကြသည်။ နောက်ပိုင်းတွင်အမေရိကန်မီဒီယာများသည် ထရန့်အစိုးရကသဘောတူစာချုပ်မှတရားဝင်နုတ်ထွက်ရန် မဆုံးဖြတ်မချင်းရုရှားက INF ချိုးဖောက်မှုကိုအရှိန်မြှင့်လာသည်ဟု ပြောကြားကာ တွန်းအားပေးခဲ့ကြသည်။

စစ်ရေးရှုထောင့်မှကြည့်လျှင် အမေရိကန်၏ လက်ရှိမြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်စွမ်းရည်များသည် အဓိကအားဖြင့် Tomahawk ခရုဇ်ဒုံးကျည်များနှင့် ပုံစံတူမော်ဒယ်များဖြစ်ပြီး ပင်လယ်ရေကြောင်းအခြေပြုနှင့် ဝေဟင်ပစ်လွှတ်ရေးစနစ်များတွင် ကာလကြာရှည်စွာ တပ်ဖြန့်ချထားခဲ့သည်။ ထို့ကြောင့် ကြည်းတပ်သုံးအခြေခံမှုကွဲများ၏ ထပ်လောင်းဖြန့်ကြက်မှု၏ စစ်ရေးအကျိုးအမြတ်သည် အကန့်အသတ်ရှိသည်။ အာရှ-ပစိဖိတ်နှင့် ဥရောပတို့တွင် မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်များဖြန့်ကြက်ရန် အမေရိကန်၏ဆုံးဖြတ်ချက်သည် အမေရိကန်ကြည်းတပ်၏ အကျိုးစီးပွားအတွက် အဓိကမောင်းနှင်လျက်ရှိသည်။

၂၁ ရာစု၏ ပထမဆယ်စုနှစ်တွင် အမေရိကန်သည် ၎င်း၏စစ်ရေးမဟာဗျူဟာကို မြေပြင်အကြမ်းဖက်မှုတန်ပြန်ရေးဆီသို့ အာရုံပြောင်းခဲ့ပြီး တပ်မတော်သည် ကြီးမားသောအကျိုးအမြတ်များရရှိခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ အမေရိကန်သည်



အာရှ-ပစိဖိတ်ဒေသသို့ ဦးတည်လာခဲ့သည်။ လေ-ရေ ပူးပေါင်းစစ်ဆင်မှုကဲ့သို့သော စစ်ဆင်ရေးဆိုင်ရာ မဟာဗျူဟာများနှင့် စစ်ဆင်ရေးသဘောတရားများကိုတင်ပြလာသောအခါ ကြည်းတပ်သည် အင်အားကြီးသောပြိုင်ဆိုင်မှုတွင် အလေးပေးမှုလျော့နည်းလာမည့်အန္တရာယ်နှင့် ရင်ဆိုင်လာရသည်။ တရုတ်နိုင်ငံကိုဟန့်တားသည့် စစ်ရေးပုံစံတွင် လျော့ရဲသောအခန်းကဏ္ဍမှပြတ်သားမှုမရှိသည့် အခန်းကဏ္ဍပါဝင်ရန် ဝန်လေးနေသည့် အမေရိကန်တပ်မတော်သည် အာရှ-ပစိဖိတ်ဒေသတွင် မြေပြင်အခြေစိုက်တာလတ်ပစ်ဒုံးကျည်များဖြန့်ကြက်ရန် တောင်းဆိုထားသည်။

စစ်ရေးအရ အကျိုးအမြတ်များနည်းပါးနေသော်လည်း အမေရိကန်သည် ၎င်း၏ပစ်လွှတ်မှုစနစ်များကိုပြုပြင်မွမ်းမံကာ အာရှ-ပစိဖိတ်ဒေသတွင် မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်မှုကို မြှင့်တင်လျက်ရှိရာ ၎င်း၏မဟာမိတ်များကိုရှေ့တန်းသို့ဆွဲတင်ရန် အမေရိကန်၏ ရက်စက်သောရည်ရွယ်ချက်ကို ရောင်ပြန်ဟပ်နေပါသည်။ အမေရိကန်ကအင်အားကြီးသောပြိုင်ဆိုင်မှု ဆီသို့ ပြန်သွားရန်တွန်းအားပေးပြီး တရုတ်ကို၎င်း၏အဓိကမဟာဗျူဟာမြောက်ရန်သူအဖြစ် သတ်မှတ်လိုက်သောကြောင့် မဟာမိတ်စနစ်သည်အရေးပါသောအရာတစ်ခုအဖြစ်ရှုမြင်ခဲ့သည်။ သို့သော်အာရှ-ပစိဖိတ်ဒေသရှိ ၎င်း၏မဟာမိတ်များသည်ယေဘုယျအားဖြင့် တရုတ်နှင့်နီးကပ်သော စီးပွားရေးဆက်ဆံမှုကိုထိန်းသိမ်းထားပြီး အမေရိကန်နှင့်အပြည့်အဝမဟာမိတ်ဖွဲ့ရန်သတိထားကြသည်။ အမေရိကန်အတွက် မြေပြင်အခြေစိုက်တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ချထားခြင်းသည် ၎င်း၏အာရှမဟာမိတ်များနှင့်တရုတ်တို့ကြား အပြန်အလှန်နိုင်ငံရေးယုံကြည်မှုနှင့်သံတမန်ဆက်ဆံရေးကို ပျက်ပြားသွားစေသည့် စစ်တုရင်ကစားကွက်ဖြစ်သည်။

အမေရိကန်သည် ၎င်း၏မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်များဖြန့်ကြက်ရန် ရည်ရွယ်ထားသည့်နေရာများတွင် တရုတ်နိုင်ငံနှင့်ကပ်လျက် ပထဝီဝင်အနေအထားအရ ပြည့်စုံသောနေရာများဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံများသည် ၎င်းတို့၏ ကာကွယ်ရေးတပ်ဖွဲ့များကို အားကောင်းစေရန် လုပ်ဆောင်ရာတွင် တရားမျှတသော်လည်း ၎င်းတို့၏ စစ်ဘက်ဆိုင်ရာလိုအပ်ချက်ထက် ကျော်လွန်သည့် မဟာဗျူဟာမြောက်ထိုးစစ်တာလတ်နှင့် တာဝေးပစ်ဒုံးကျည်များဖြန့်ကြက်ချထားခြင်းသည် မတူညီသော လုပ်ကြံဇာတ်လမ်းဖြင့် ပုံဖော်နေခြင်းဖြစ်သည်။

အရေးအခင်းစီမံခန့်ခွဲမှုရှုထောင့်မှကြည့်လျှင် အမေရိကန်၏မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်များဖြန့်ကြက်ချထားခြင်းသည် ပဋိပက္ခများတိုးမြင့်လာစေမည့်အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။ တစ်ဖက်တွင်မူ အဆိုပါဒုံးကျည်များကို ၎င်း၏ပုံသေအခြေစိုက်ထားသည့် အာရှ-ပစိဖိတ် စစ်အခြေစိုက်စခန်းများတွင် တပ်စွဲထားပါက ၎င်းတို့၏စစ်ပွဲအတွင်းရှင်သန်နိုင်စွမ်းမှာ လွန်စွာပျက်စီးလွယ်သည်။ ပဋိပက္ခ၏အစောပိုင်းအဆင့်တွင် အမေရိကန်တပ်မှူးများသည် ၎င်းကိုအသုံးပြုမည်လား၊ သို့မဟုတ် အဆုံးရှုံးခံမည်လားဟူသည့်အကျပ်အတည်းကို ရင်ဆိုင်ရမည်ဖြစ်သည်။ ဤသို့သော ဆုံးဖြတ်ချက်ချမှတ်သည့် အကျပ်အတည်းပုံစံကို ရှောင်ရှားရမည်ဖြစ်သည်။ အခြားတစ်ဖက်တွင်အမေရိကန်သည် ရွေ့လျားပစ်လွှတ်ခြင်းနည်းလမ်းကို လက်ခံပါက ဒုံးပစ်လောင်ချာများကို အခြေစိုက်စခန်းမှဖယ်ထုတ်ကာ အိမ်ရှင်နိုင်ငံ၌စစ်ကစားဖြန့်ကြက်မှုပြုလုပ်နိုင်သောကြောင့် ဖြစ်နိုင်ခြေရှိသောအကျပ်အတည်း သို့မဟုတ် ပဋိပက္ခ၏နယ်ပယ်သည်တိုးမြင့်လာစေမည်ဖြစ်သည်။

ထို့ပြင် အခြားနျူကလီးယားပိုင်ဆိုင်သောနိုင်ငံတစ်ခု၏ အနီးကပ်ထွက်ပေါက်တွင် နျူကလီးယားပိုင်ဆိုင်သောနိုင်ငံတစ်ခုမှ မဟာဗျူဟာမြောက်ထိုးစစ်လက်နက်များ ဖြန့်ကြက်ချထားခြင်းသည် အခြေခံအပြန်အလှန် လုံခြုံရေးယုံကြည်မှုကိုဆိုးရွားစွာထိခိုက်စေမည်ဖြစ်ပြီး နှစ်ဖက်ကြားမဟာဗျူဟာမြောက်ယုံကြည်မှုကို ပိုမိုဆိုးရွားလာစေကာ အကျပ်အတည်းစီမံခန့်ခွဲမှုအတွက် အထောက်အကူပြုနိုင်မည်မဟုတ်ပေ။ သမ္မတဘိုင်ဒင်အစိုးရ၏ ၂၀၂၂ ခုနှစ် နျူကလီးယား အခင်းအကျင်းသုံးသပ်ချက်တွင် အမေရိကန်သည် မဟာဗျူဟာမြောက်အန္တရာယ်လျှော့ချရေးနှင့် အကျပ်အတည်းစီမံခန့်ခွဲမှုဆိုင်ရာ တရုတ်နှင့်တွေ့ဆုံဆွေးနွေးမှုကို အားကောင်းစေရန် ဆန္ဒရှိကြောင်းပြောကြားခဲ့သည်။ အကယ်၍အမေရိကန်သည် မဟာဗျူဟာမြောက်အန္တရာယ်များကို လျှော့ချရန် အမှန်တကယ်စိတ်ဝင်စားပါက စတင်ရန် နေရာကောင်းမှာ အခြားနိုင်ငံများတွင် မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်မှုကိုစွန့်လွှတ်ခြင်းဖြစ်သည်။

အတိုချုပ်ဆိုရလျှင် အင်အားအပြင်းဆုံးနျူကလီးယားနှင့် စစ်ရေးအင်အားပိုင်ဆိုင်ထားသည့် အမေရိကန်သည် နိုင်ငံတကာလုံခြုံရေးအတွက် အထူးတာဝန်ရှိသည်။ မကြာသေးမီနှစ်များအတွင်းတွင် အမေရိကန်သည် ၎င်း၏ဩဇာအာဏာကိုလိုက်၍ ၎င်း၏အလိုကျမှုနှင့် မကျမှုများကို အခြေခံ၍ တစ်ကိုယ်ကောင်းဆန်စွာပြုမူခဲ့ပြီး နိုင်ငံတကာလုံခြုံရေးယန္တရား၏အခွင့်အာဏာကို စိတ်တိုင်းကျစိန်ခေါ်ခဲ့သည်။ ၎င်းက INF စာချုပ်နှင့် လွတ်လပ်စွာပျံသန်းရေးစာချုပ်မှ ဆက်တိုက်နုတ်ထွက်ခဲ့ပါသည်။ ထို့အတူ ဇီဝလက်နက်များကွန်ဗင်းရှင်းအတည်ပြုရေးပရိုတိုကောလ်ညှိနှိုင်းမှုကို တားမြစ်ပိတ်ပင်ကာတရုတ်နှင့်ရုရှားတို့ကအဆိုပြုထားသည့် ပြင်ပအာကာသအရာဝတ္ထုများကိုတွန်းလှန်ရန် အာကာသအတွင်းလက်နက်နေရာချထားမှုနှင့် ခြိမ်းခြောက်မှု သို့မဟုတ် အသုံးပြုမှုကာကွယ်ရေး သဘောတူညီချက်မူကြမ်းကိုလည်း ဆန့်ကျင်ခဲ့သည်။ အမေရိကန်သည် AUK-US နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတကာနျူကလီးယားမပြန့်ပွားရေးအခြေခံအနှစ်သာရကိုလည်း ထိခိုက်စေခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်သည် ကုလသမဂ္ဂပဋိညာဉ်များနှင့်ယန္တရားများကို ဖီဆန်သည့်စည်းမျဉ်းများအခြေခံသော လုံခြုံရေးအခင်းအကျင်းအသစ်ကို တည်ဆောက်ရန် ၎င်း၏မဟာမိတ်တချို့ကိုအတင်းအကြပ်ဖိအားပေးလျက်ရှိသည်။

ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံ၏အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး Fu Cong ကမကြာသေးမီကထောက်ပြခဲ့သည့်အတိုင်း နိုင်ငံတချို့က ထောက်ခံအားပေးသည့် စည်းမျဉ်းအခြေခံသည့်နိုင်ငံတကာအစီအစဉ်ဟုခေါ်သောအချက်သည် နိုင်ငံတကာဥပဒေ၏ပြင်ပစနစ်အပြင် အခြားစနစ်တစ်ခုကိုဖန်တီးရန် အမှန်တကယ်ရည်ရွယ်နေခြင်းဖြစ်သည်ဟုဆိုသည်။

လူသားမျိုးနွယ်အတွက် ငြိမ်းချမ်းပြီးတည်ငြိမ်သောအနာဂတ်ကိုဖွင့်လှစ်နိုင်စေရန်အတွက် ကုလသမဂ္ဂနှင့်နိုင်ငံတကာစည်းမျဉ်းကိုဗဟိုပြု၍ လက်တွဲဆောင်ရွက်သွားရန်သာဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ ထိပ်တိုက်ရင်ဆိုင်မှုများကို နေရာမျိုးစုံဖန်တီးခြင်း၊ ပဋိပက္ခနှင့် သဘောထားကွဲလွဲမှုများကို ကြီးထွားစေခြင်းနှင့် သပ်လျှိုသွေးခွဲခြင်းများဖြင့် အုပ်စုဖွဲ့လုပ်ဆောင်ပါက အချိန်ကြာလာသည်နှင့်အမျှ လက်နက်ပြိုင်ဆိုင်မှုပေါ်ပေါက်လာနိုင်ခြင်းနှင့်အတူ ကမ္ဘာ့ငြိမ်းချမ်းရေးသည် အလှမ်းဝေးလာဖွယ်ရှိကြောင်းဖော်ပြလိုက်ရပါသည်။

**ကိုးကား**

**– Preserving hegemony by creating confrontation is not acceptable, Global Time, August 2024**

**နေရှား(သုတေသန)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပင်လယ်စာခုံးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပင်လယ်စာခုံး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ပင်လယ်စာခုံးများကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇွန်လအတွင်းက ပင်လယ်စာခုံး ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ပင်လယ်စာခုံး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်းသိရသည်။

"ဒေသကထွက်တဲ့ ပင်လယ်စာခုံးတွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာ အဝယ်လိုက်နေပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ပင်လယ်စာခုံးတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကထွက်တဲ့ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ပင်လယ်စာခုံးကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာ ဖြစ်ပါတယ်။ ဒေသထွက်ပင်လယ်စာခုံးတွေကို လပွတ္တာမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက်လက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ ပြန်ပြီးအလုပ်အကိုင်အခွင့်အလမ်းတွေရရှိတာပေါ့"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများကိုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ပင်လယ်စာခုံးများကို ရေလုပ်သားများထံမှဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

နေပြည်တော် ဩဂုတ် ၉

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဇလောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က ဇလောင်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဇလောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့်လုပ်ငန်းများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၄၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကောလင်း ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၄၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၄၃ ဧကနှင့် ဝန်းသိုမြို့နယ်တွင် ၇၇ ဧက စုစုပေါင်း ဧက ၄၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်အတွင်း ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၄၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ စိုက်ပျိုးရန်မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၉၄ ဧကနှင့် ဝန်းသိုမြို့နယ်တွင် ၈၁ ဧက စုစုပေါင်း ၄၇၅ ဧကဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ပဲစင်းငုံ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကောလင်းခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖျန်းဓာတ်မြေဩဇာဝယ်ယူမှုလျှော့ချနိုင်ရန်၊ ယူရီးယားနှင့်လက်ချားဓာတ်မြေဩဇာပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့်လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)



# မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မှု စစ်ဆေး

မလှိုင် ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျောက်တန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ကျောက်တန်းကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၂၄ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပုသိမ်မြို့နယ် တိုက်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ပုသိမ် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု တိုက်ကြီးကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါက တိုက်ကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဦးစီးအရာရှိနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တိုက်ကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

# ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ အစဉ်အလာကောင်းတဲ့အသင်းတွေဖြစ်တဲ့ ပါးမား၊ ဗီနီဇီယာ၊ ကိုမိုအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



တနင်္ဂနွေနေ့ညမှာတော့ နိုင်ငံအသင်းပြိုင်ပွဲတွေ ပြီးဆုံးသွားတာကြောင့် ကလပ်အသင်းပြိုင်ပွဲတွေထဲက ဖလားပြိုင်ပွဲတွေဆက်လက်ကစားမှာဖြစ်ပါတယ်။ အဲဒီထဲက အီတလီဖလားပြိုင်ပွဲဖြစ်တဲ့ ကိုပါအီတာလီယာဖလားပွဲစဉ်ကို ရွေးချယ်သွားမှာပါ။ ကိုပါအီတာလီယာဖလားပြိုင်ပွဲကို ၁၉၂၂ ခုနှစ်က စတင်ခဲ့ပြီး အခုတစ်ကြိမ်နဲ့ဆို ၁၀၂ နှစ်မြောက်ကျင်းပလာခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲသမိုင်းမှာ အောင်မြင်မှုအများဆုံးအသင်းကတော့ ဂျူဗင်တပ်အသင်းဖြစ်ပြီး လက်ရှိချန်ပီယံကလဲ ဂျူဗင်တပ်အသင်းပဲဖြစ်ပါတယ်။ အခုနှစ်မှာ ပြိုင်ပွဲဝင်အသင်း ၄၄ သင်းရှိပြီး စီးရီးအေ၊ စီးရီးဘီ၊ စီးရီးစီအသင်းတွေ ပါဝင်ခွင့်ရတာကို တွေ့ရမှာပါ။ အကြိုအဆင့်မှာတော့ စီးရီးဘီကအသင်းလေးသင်းနဲ့ စီးရီးစီက အသင်း ၄၀ ပါဝင်တာဖြစ်ပါတယ်။ စီးရီးအေအသင်းတွေက ပြီးခဲ့တဲ့ ဘောလုံးရာသီအဆင့်(၉)ကနေ အဆင့်(၂၀)ထိ အသင်းတွေအနေနဲ့ ပထမအဆင့်ကနေပါဝင်ကစားခွင့်ရတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ရာသီ စီးရီးအေအဆင့်(၁)ကနေ အဆင့်(၈)ထိ အသင်းတွေကတော့ ၁၆ သင်း ရှုံးထွက်အဆင့်ကနေ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရတာဖြစ်ပါတယ်။ တနင်္ဂနွေညမှာတော့ ကိုပါအီတာလီယာဖလား ပထမအဆင့်ပွဲစဉ်တွေယှဉ်ပြိုင်မှာဖြစ်ပြီး အဲဒီထဲက အစဉ်အလာကောင်းတွေပိုင်ဆိုင်ထားတဲ့ စီးရီးအေအသင်းတွေကိုပဲ အဓိကရွေးချယ်ရမှာဖြစ်ပါတယ်။

## ပါးမားအသင်းနဲ့ လက်တွဲရမှာပါ

ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ ပါးမားအသင်းနဲ့ ပါလာမိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပါးမားအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ စီးရီးဘီပြိုင်ပွဲမှာ အမှတ်ပေးချန်ပီယံဖြစ်ခဲ့တာကြောင့် စီးရီးအေကို တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး ဖလားပြိုင်ပွဲကို ပထမအဆင့်ကနေ ပါဝင်ခွင့်ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိအပြောင်းအရွှေ့ကာလမှာ အသင်းရဲ့ အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့ပြီး ကစားသမားသစ်ခေါ်ယူမှုအနေနဲ့ ဘယ်လ်ဂျီယံကလပ် စိန့်ထရူဒန်အသင်းက ဂိုးသမားဆူဇူကီးကို ခေါ်ယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ ရာသီအကြိုခြေစမ်းပွဲတွေ ကစားခဲ့ရာ ဆွစ်ဇာလန်ကလပ် လူဂါနိုအသင်းကို သုံးဂိုးတစ်ဂိုး၊ ဂျာမန်ကလပ် ဟီဒန်ဟိမ်းအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမဲ့ ဂါလာတာစာရေး၊ အတ္တလန်တာတို့လို အသင်းကြီးတွေနဲ့ပွဲစဉ်မှာ ဂိုးပြတ်နိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်လေးပွဲမှာလဲ ရှုံးပွဲမရှိခဲ့ဘဲ ခံစစ်ပိုင်းက ပေးဂိုးနှစ်ဂိုးပဲရှိခဲ့တာကြောင့် အိမ်ကွင်းခြေစွမ်းထက်မြက်နေတယ်လို့ဆိုရမှာပါ။ ပါးမားအသင်းဟာ အခုပြိုင်ပွဲမှာပြီးခဲ့တဲ့ဘောလုံးရာသီနှစ်ရာသီဆက်တိုက် ၁၆ သင်းရှုံးထွက်ထိ တက်ရောက်ခဲ့သလို စီးရီးအေက အင်တာမီလန်၊ ဖီအိုရင်တီးနားအသင်းတို့နဲ့ တွေ့ချိန်မှာ ရှုံးခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ပါလာမိုလိုအသင်းကို ဖိအားပေးနိုင်မှာ သေချာပါတယ်။

ပါလာမိုအသင်းကလဲ ပြီးခဲ့တဲ့ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲမှာ အဆင့်(၆)မှာရပ်တည်နိုင်ခဲ့တာကြောင့် အခုပြိုင်ပွဲကို ပထမအဆင့်ကနေ ပါဝင်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းပြိုင်ပွဲအများစုမှာ ရုန်းကန်ခဲ့ရသလို စီးရီးအေပြိုင်ပွဲကို ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းမရှိတော့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အခုအပြောင်းအရွှေ့မှာ ကစားသမားခေါ်ယူမှုအများအပြားလုပ်ခဲ့ပေမဲ့ ငွေကြေးအခက်အခဲကြောင့် ထိပ်တန်းအဆင့်ကစားသမားပါဝင်ခဲ့ခြင်းမရှိဘဲ အသင်းက ကစားသမားခုနစ်ယောက်ကိုလဲ လက်လွှတ်ခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိ ရာသီအကြိုခြေစမ်းပွဲတွေမှာတော့ မွန်ဇာကို တစ်ဂိုးဂိုးမရှိ၊ လက်စတာကို တစ်ဂိုးဂိုးမရှိ၊ အောက်စဖို့ဒ်ကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရထားတဲ့ခြေစွမ်းက အားရစရာကောင်းပေမဲ့ ခြေစမ်းပွဲရလဒ်တွေကို အပြည့်အဝယုံကြည်လို့တော့မရပါဘူး။ လက်ရှိ ပါလာမိုအသင်းဟာ ပါးမားနဲ့ တွေ့ဆုံခဲ့တဲ့ပွဲတွေမှာ အသာမရခဲ့သလို ပါးမားအသင်းအိမ်ကွင်းမှာ သမိုင်းတစ်လျှောက် တစ်ကြိမ်မှ အနိုင်မရခဲ့တာကြောင့် အခုပွဲမှာ ပါးမားအသင်းနဲ့ လက်တွဲရမှာပါ။

### ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ရက်ဂျီးနား | ၁ - ၁ | ပါးမား |
| လူဂါနို | ၃ - ၁ | ပါးမား |
| ဂါလာတာစာရေး | ၀ - ၂ | ပါးမား |
| ဟီဒန်ဟိမ်း | ၁ - ၀ | ပါးမား |
| ပါးမား | ၄ - ၁ | အတ္တလန်တာ |

### ပါလာမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ပါလာမို | ၀ - ၁ | ဗီနီဇီယာ |
| ဗီနီဇီယာ | ၂ - ၁ | ပါလာမို |
| မွန်ဇာ | ၀ - ၁ | ပါလာမို |
| လက်စတာ | ၀ - ၁ | ပါလာမို |
| အောက်ဖို့ဒ် | ၀ - ၂ | ပါလာမို |

## ဗီနီဇီယာအသင်းကို ရွေးရမှာပါ

ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဘရက်ရှားနဲ့ဗီနီဇီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရက်ရှားအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအမှတ်ပေးပွဲမှာအဆင့်(၈) နဲ့ပြီးဆုံးခဲ့တာကြောင့် ဖလားပြိုင်ပွဲကို ပထမအဆင့်က ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ရာသီအကြိုခြေစမ်းပွဲအဖြစ် ဂျီနိုအာနဲ့ ကစားခဲ့ရာမှာ နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ လက်ရှိမှာလဲအဓိကကစားသမားသစ်ခေါ်ယူမှုမလုပ်နိုင်တာကြောင့် ဗီနီဇီယာအသင်းနဲ့ယှဉ်ရင် လိုအပ်ချက်ရှိနေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ စီးရီးအေပြိုင်ပွဲကို ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှာတက်ရောက်ခဲ့ပေမဲ့ အဲဒီနှစ်မှာပဲ တန်းပြန်ဆင်းခဲ့ရပြီး အခုချိန်ထိ စီးရီးဘီမှာပဲ ကစားနေရတဲ့အသင်းဖြစ်ပါတယ်။ ဘရက်ရှားအသင်းဟာ အိမ်ကွင်းနောက်ဆုံး ၁၀ ပွဲဆက် ရှုံးပွဲမရှိခဲ့ဘူးဆိုပေမဲ့ ခံစစ်ပိုင်းက ပွဲချိန်ကြာလာတာနဲ့ ဂိုးပေးခဲ့ရတာကိုတွေ့ရမှာပါ။ ဒါ့ပြင် ဗီနီဇီယာအသင်းနဲ့ကစားခဲ့ရတဲ့ နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဗီနီဇီယာအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအမှတ်ပေးပွဲမှာ play-off ကစားခွင့်ရခဲ့ပြီး နောက်ဆုံးအဆင့်မှာ ခရီမိုနန်စီအသင်းကို အနိုင်ရခဲ့လို့ စီးရီးအေကို တန်းတက်ခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုအပြောင်းအရွှေ့မှာ ကက်ဂလီယာရီ၊ အင်တာမီလန်၊ ဖီအိုရင်တီးနားတို့က စီးရီးအေအတွေ့အကြုံရှိတဲ့အသင်းတွေကို ခေါ်ယူ ခဲ့ပြီး ကြိုတင်ပြင်ဆင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာ ကစားသမားသစ်တွေနဲ့ရာသီကြို ပြင်ဆင်မှုလုပ်ခဲ့ရာမှာ ဗီဆင်ဇာကို ခုနစ်ဂိုးဂိုးမရှိ၊ အုဒီနီးဇ်ကို နှစ်ဂိုးတစ်ဂိုး၊ ဖိုးလီအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး ဂျီနိုအာအသင်းကိုတော့ သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဘရက်ရှားနဲ့ယှဉ်ရင် နည်းစနစ်ပိုင်းနဲ့ စုဖွဲ့မှုပိုင်းသာလွန်နေသလို ပြီးခဲ့တဲ့နှစ် ထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်မှာလဲ မရှုံးခဲ့တာကြောင့် ဗီနီဇီယာအသင်းကို ရွေးရမှာပါ။

### ဘရက်ရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဖာရာပီဆာလို | ၂ - ၂ | ဘရက်ရှား |
| ဘရက်ရှား | ၄ - ၁ | လက်ကို |
| ဘာရီ | ၂ - ၀ | ဘရက်ရှား |
| ကာတန်ဇာရို | ၄ - ၂ | ဘရက်ရှား |
| ဘရက်ရှား | ၂ - ၀ | ဂျီနိုအာ |

### ဗီနီဇီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ခရီမိုနန်စီ | ၀ - ၀ | ဗီနီဇီယာ |
| ဗီနီဇီယာ | ၁ - ၀ | ခရီမိုနန်စီ |
| ဗီနီဇီယာ | ၁ - ၃ | ဂျီနိုအာ |
| အုဒီနီးဇ် | ၁ - ၂ | ဗီနီဇီယာ |
| ဖိုးလီ | ၁ - ၂ | ဗီနီဇီယာ |

## ကိုမိုအသင်းရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့တာကတော့ ဆမ့်ဒိုးရီးယားအသင်းနဲ့ ကိုမိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆမ့်ဒိုးရီးယားအသင်းဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲဗိုလ်လုပွဲကို ခုနစ်ကြိမ်တက်ရောက်ခဲ့ရာမှာ လေးကြိမ်ထိဆုဖလားရခဲ့တာကိုတွေ့ရမှာပါ။ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာ နောက်ဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီးနောက် ကစားသမားစုဖွဲ့မှုအားနည်းသွားတာကြောင့် နောက်ပိုင်းဖလားပြိုင်ပွဲမှာအောင်မြင်မှုရဖို့ ခက်ခဲသွားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီမှာတော့ စီးရီးအေတန်းဆင်းခဲ့ရသလို ရာသီပိတ်သိမ်းချိန်မှာ အဆင့်(၇)နဲ့ပြီးဆုံးခဲ့လို့ အခုပြိုင်ပွဲပထမအဆင့်က ပါဝင်ခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိအပြောင်းအရွှေ့မှာလဲ ဘဏ္ဍာရေးအခက်အခဲကြောင့် အဓိကကစားသမားမခေါ်နိုင်တော့ဘဲ အသင်းကခြေစွမ်းပြကစားသမားတွေကို ထိန်းသိမ်းဖို့ကြိုးစားနေရတာဖြစ်ပါတယ်။ ရာသီအကြိုပြင်ဆင်မှုအနေနဲ့ ခြေစမ်းပွဲတစ်ပွဲကစားခဲ့ပြီး အမ်ပိုလီကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။

ကိုမိုအသင်းဟာ နည်းပြဖာဘရီဂတ်လက်ထက်မှာ ပုံစံကောင်းရရှိခဲ့ပြီး ရလဒ်ပိုင်းတိုးတက်လာတာကြောင့် စီးရီးအေပြိုင်ပွဲကို တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ နည်းပြဖာဘရီဂတ်အနေနဲ့ လက်ရှိအပြောင်းအရွှေ့မှာလဲ တိုက်စစ်မှူးဘယ်လေ့တီ၊ ဂိုးသမားရီနာ၊ ခံစစ်ကစားသမား မိုရီနို၊ ဗာရာနီတို့လို အတွေ့အကြုံရှိတဲ့ကစားသမားတွေကိုခေါ်ယူနိုင်ခဲ့ပြီး အသင်းရဲ့လိုအပ်ချက်ကိုဖြည့်ဆည်းခဲ့တာကို တွေ့ရမှာပါ။ ရာသီအကြိုခြေစမ်းပွဲမှာလဲ ကစားသမားသစ်တွေကို အသုံးပြုခဲ့ပြီး လက်ပါးမက်ကို နှစ်ဂိုးတစ်ဂိုး၊ ကက်ဂလီယာရီကို သုံးဂိုးတစ်ဂိုး၊ ဝုဖ်ဘတ်ကို ဂိုးမရှိသရေကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကိုမိုဟာ တန်းတက်အသင်းတွေထဲမှာ ပြင်ဆင်မှုအကောင်းဆုံးလုပ်နိုင်ခဲ့တာကြောင့် ဆမ့်ဒိုးရီးယားနဲ့ယှဉ်ရင် စုဖွဲ့မှုပိုကောင်းနေတာကို သတိပြုရမှာပါ။ ကိုမိုအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီနှစ်ကြိမ်တွေ့ဆုံမှုမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကစားနိုင်ခဲ့သလို အကျော့ပေးမှုကလဲ သရေရလဒ်ဆိုကိုမိုက တစ်ဝက်ရှုံးမဲ့အကျော့ပေးမှုက ဆမ့်ဒိုးရီးယားအိမ်ကွင်းမှာ ကိုမိုအသင်း မရှုံးနိုင်တဲ့အခြေအနေဖြစ်လို့ ကိုမိုပဲ ရလဒ်ကောင်းမှာပါ။

### ဆမ့်ဒိုးရီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| လက်ကို | ၀ - ၁ | ဆမ့်ဒိုးရီးယား |
| ဆမ့်ဒိုးရီးယား | ၁ - ၀ | ရက်ဂျီးနား |
| ကာတန်ဇာရို | ၁ - ၃ | ဆမ့်ဒိုးရီးယား |
| ပါလာမို | ၂ - ၀ | ဆမ့်ဒိုးရီးယား |
| အမ်ပိုလီ | ၀ - ၂ | ဆမ့်ဒိုးရီးယား |

### ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ကိုမို | ၁ - ၁ | ကိုဆင်ဇာ |
| ကိုမို | ၂ - ၁ | လက်ပါးမက် |
| ကိုမို | ၃ - ၁ | ကက်ဂလီယာရီ |
| အယ်ဟိုင်လာ | ၃ - ၁ | ကိုမို |
| ကိုမို | ၀ - ၀ | ဝုဖ်ဘတ် |

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကို အားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံသို့ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း (Mask) တပ်ပါ။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UIDလုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာလူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၆၃ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၆၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးခဲ့သည့် စားဖိုဆောင်သီးနှံအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၄၆၃ ဧက လျာထားစိုက်ပျိုးခဲ့ပြီး ယခုအခါ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်သီးနှံတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာဌာနအသီးသီးကလဲ လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ ဒါကြောင့် လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် နံနံပင်၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာ၊ ပိန်း၊ ဂေါ်ဖီ၊ ငရုတ်၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါး၊ ချဉ်ပေါင်၊ ရုံးပတီ စသည့်သီးနှံများကို စိုက်ပျိုးထားကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သောသီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းကာ ကင်းထောက်မှတ်တမ်းယူခြင်းများ ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ငဖဲမြို့နယ် ဗိုလ်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**ငဖဲ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေများ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ပန်းထိမ်းကျေးရွာအုပ်စု ဗိုလ်ကုန်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ဗိုလ်ကုန်းကျေးရွာရှိ တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ဗိုလ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၄၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၅၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းကိုင်သူ ၁၀ ဦးကို ငွေကျပ်သိန်း ၄၀ နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ထံသို့ ရန်ပုံငွေကျပ် ၃၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

- (က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- ( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- ( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
- ( ခ ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။
- ( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ( င ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

- (က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
- ( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
- ( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)
- (ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - | ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |




“အဂတိပယ်ရှား ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။




**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




**'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'**

DAGON ဒဂုံ MALTA FRESH

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်၊ စစ်ကိုင်းတန်း ဗလီဝန်းအတွင်းနေ ကျွန်တော် ဦးခင်မောင်ထွေး၏သားဖြစ်သူ ဦးနေမျိုးထက် (ခ) ရှာဟစ် (၉/မနမ(နိုင်)၁၁၁၂၉၅) သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိ၊ နှစ်ရှည်လများ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်၊ မိဘဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူဆောင်ရွက်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါသည်။ ဦးနေမျိုးထက် (ခ) ရှာဟစ် နှင့် ကျွန်တော် ဦးခင်မောင်ထွေး သည် ပတ်သက်ခြင်း၊ သက်ဆိုင် ခြင်း လုံးဝမရှိဘဲ ဦးနေမျိုးထက် (ခ) ရှာဟစ် ၏ကိစ္စများကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးခင်မောင်ထွေး (၉/မနမ(နိုင်)၀၀၇၉၀၆)

## မွေးသက္ကရာဇ်အမှန်

အမရပူရမြို့နယ်၊ အ.ထ.က(မြစ်ငယ်)တွင် အလယ်တန်းပြ ရာထူးဖြင့် လက်ရှိ တာဝန်ထမ်းဆောင်နေသော ဒေါ်ရင်ရင်ဆွေ (ခ) ဒေါ်ယဉ်ယဉ်ဆွေ (ဘ) ဦးတင်မြင့် (၉/အမရ(နိုင်)၀၄၀၃၀၈)၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၂-၁၉၆၃ ဖြစ်ပါကြောင်း။

၅-၂-၁၉၆၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြန်မာပညာအကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မဇူလိုင်ဖြိုး ၏ဖခင်အမည်မှာ ဦးအောင်မျိုးဝင်း (ခ) ဦးသန်းဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်မျိုးဝင်း(ခ)ဦးသန်းဝင်း(၅/တဆန(နိုင်)၀၈၃၈၅၅)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အ.ထ.က (ပင်းတလဲ)၊ Grade-10 တွင် ပညာသင်ကြားနေသော မချစ်စုဝေ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်စိုး ဖြစ်ပါကြောင်း။

ဦးကျော်စိုး(၉/ဝတန(နိုင်)၁၀၃၂၁၀)

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ Noble Private School , Mandalay၊ Grade-12 မှ မမေပြည့်စုံကျော် ၏ဖခင်အမည်မှန်မှာ နိုင်ငံသား စိစစ်ရေးကတ်အရ ဦးနိုင်လင်း ဖြစ်ပါကြောင်း။

ဦးနိုင်လင်း (၉/တကန(နိုင်)၁၃၅၀၄၂)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

❖ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးကို သမိုင်းစဉ်ဆက်မပြတ် တာဝန်ထမ်းရွက်ခဲ့သော၊ နိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမည့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## Naypyitaw State Academy ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၉

Naypyitaw State Academy အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ယနေ့တွင် Naypyitaw State Academy အားကစားခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကို Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်အားပေးသည်။

ဦးစွာ ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က

စာမျက်နှာ ၂၀ ကော်လံ ၄ ☆

## ကိုဗစ် - ၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသော ကုမ္ပဏီ၊ လုပ်ငန်းများ ချေးငွေ အရင်းနှင့် အတိုးများ အမြန်ဆုံးပြန်လည်ပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း တစ်ရာခိုင်နှုန်း)ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ချေးငွေ အရင်းနှင့် အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ် ဇွန် ၆ ရက်တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက

စာမျက်နှာ ၂၀ ကော်လံ ၄ ❑

## ထူးခြားသည့် နေ့အပူချိန်များ (၉-၈-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မန္တလေး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ချောက် | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ရေဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

